၂၀၀၆ ခုနှစ် (၆၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။

အထူးထုတ်

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော်၁၄ရက်၊ ၂၀၀၆ခုနှစ်၊ မတ်လ၂၇ရက်၊ တနင်္လာနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၇၈)

ပြည်သူလူထုအတွင်းက ပေါက်ဖွားလာတဲ့တပ်မတော်

ပြည်သူလူထုရဲ့ဘဝ မြင့်မားလာဖို့ ပြည်သူ့အကျိုးစီးပွား ကို ထမ်းဆောင်တယ်ဆိုတဲ့နေရာမှာ နိုင်ငံတော်ဖွံ့ဖြိုးရေး လုပ်ငန်းတွေ၊ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေ၊ နယ်စပ် ဒေသ တိုင်းရင်းသား လူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေပါ အကျုံးဝင်တယ်။ ဒါတွေဟာ မျိုးချစ် တပ်မတော်ရဲ့ အနှစ်သာရတာဝန်လို့ပဲ ဆိုရမယ်။ ဒါကြောင့် တပ်မတော်ဟာ ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုနေ ရမယ်။ ပြည်သူလူထုတစ်ရပ်လုံးကို အလုပ်အကျွေး ပြုနေရ မယ်။ ပြည်သူလူထုအတွင်းက ပေါက်ဖွားလာတဲ့ ငါတို့ တပ်မတော်ဟာ ပြည်သူ့လူထုအတွက်ပဲ ဖြစ်ရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့ မိန့်ခွန်းမှ–

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ် (၆၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (ဝဲပုံ)နှင့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာသော စစ်ကြောင်းကြီးများကို တွေ့ရစဉ်။ (အောက်ပုံ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား၌ တပ်ကို စစ်ဆေးစဉ်။

(၆၁)နှစ်မြောက် တပ်မတော်နေ့

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွ တကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇ အတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းေ

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှ ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှေ တောင့်တင်း ပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတ ရေး။

အထူးထုတ် (ဃ) မှ

၁၉၄၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် လွတ်လပ်ပြီးစ မြန်မာနိုင်ငံသည် ပြည်ပကျူးကျော်မှု အန္တရာယ်ကို ရင်ဆိုင်ခဲ့ရပြန်သည်။ ကူမင်တန်တပ်များ မြန်မာ့ပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည်။ ကူမင်တန် တပ်များသည် ပြည်တွင်းသောင်းကျန်းသူများနှင့်ပူးပေါင်းပြီး တည်ဆဲအစိုးရကို ဖြုတ်ချရန်အထိ ကြိုးပမ်းလာကြသည်။ လွတ်လပ်ရေးအတွက်ကြိုးပမ်းရင်း၊ ပြည်တွင်းသောင်းကျန်းမှုများကို ချေမှုန်းတိုက်ခိုက်ရင်း ကျစ်လျစ်ခိုင်မာလာခဲ့သော တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့နှင့်အတူလက်တွဲပြီး ပြည်ပကျူးကျော်သူ ကူမင်တန်များကို ချေမှုန်းတိုက်ထုတ်နိုင်ခဲ့သည်။

ပြည်ပကျူးကျော်မှု အန္တရာယ်မှ ကင်းဝေးသွားသော်လည်း ၁၉၅၈ ခုနှစ်တွင် နိုင်ငံရေးပါတီအချင်းချင်း အာဏာလုရာမှ အကွဲအပြဲ ဇာတ်လမ်းများက တစ်စခန်း ထလာခဲ့ပြန်သည်။ ပါတီတိုင်းလိုလို ခါးပိုက်ဆောင်တပ်များ ဖွဲ့လာကြသည်။ ရာဇဝတ်မှုများကို လက်ရဲဇက်ရဲ ကျူးလွန်လာကြသည်။ နိုင်ငံရေးအကွဲအပြဲမှသည် မင်းမဲ့စရိုက် အသွင်ကူးပြောင်းလာပြီး နိုင်ငံ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အန္တရာယ်ပြုလာကြသည်။ တပ်မတော်သည် တိုင်းရင်းသားပြည်သူများနှင့်လက်တွဲကာ နိုင်ငံ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ခဲ့ရပြန်သည်။

ထို့နောက် ၁၉၆၂ခုနှစ်ကာလ။

ထိုကာလတွင် နယ်ချဲ့ထောင်ချောက်ကိုမမြင်၊ တံလျှပ်ကိုရေထင်ကာ ဒေသဆိုင်ရာ စစ်အုပ်စုတွင်ပင် ပါဝင်ရန် ရည်စူးထားသည့် ပြည်ထောင်စုကြီး ပြိုကွဲစေမည့် ဖက်ဒရယ်မူ လှုပ်ရှားမှုကြီး ပေါ်လာသည်။ ထိုစဉ်က အာဏာရ နိုင်ငံရေးပါတီ ပထစအစိုးရအနေဖြင့် နိုင်ငံတော်အား နယ်ချဲ့လက်အောက် ကျရောက်စေမည့် ဖက်ဒရယ်မူ လှုပ်ရှားမှုကြီးကို မထိန်းနိုင်၊ မသိမ်းနိုင် ဖြစ်ခဲ့ရသည်။ ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာပြိုကွဲပြီး လွတ်လပ်ရေး ပြန်လည် ဆုံးရှုံးရတော့မည့် အခြေအနေသို့ ဆိုက်ရောက်လာသည်။ ထိုအခြေအနေတွင် တပ်မတော်သည် သမိုင်းပေးတာဝန်အရ နိုင်ငံတော်ကို ကယ်တင်ခဲ့ရပြန်သည်။

၁၉၈၈ခုနှစ်ကာလ။

လက်ဝဲ လက်ယာ၊ မြေပေါ်မြေအောက်၊ ပြည်တွင်း ပြည်ပ ပယောဂ ပူးကပ်နေသူများက ရပ်ရွာအေးချမ်းမှုကို နှောင့်ယှက်၊ တရားဥပဒေစိုးမိုးမှုကို ဖျက်ဆီး၊ မင်းမဲ့စရိုက်များကို ဖန်တီးလာကြသည်။ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားလာသော ထိုအချိန်ကာလတွင် တောမီးလောင် တောကြောင် လက်ခမောင်းခတ်၊ ပွဲလန့်တုန်း ဖျာခင်းတတ်သော နယ်ချဲ့တို့၏ ညဉ်အတိုင်း ပြည်ပကျူးကျော်သူများသည် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းလာကြသည်။ ၎င်းတို့အနက် ဖြစ်ရပ်တစ်ခုမှာ မြန်မာ့ပင်လယ်ရေပိုင်နက်ထဲသို့ အနောက်အင်အားကြီးနိုင်ငံ တစ်နိုင်ငံမှ စစ်သင်္ဘောများ ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။ ပြည်တွင်းဆူပူမှုနှင့်အတူ ပြည်ပရန်စွယ် အန္တရာယ်ဘေး ကျရောက်လုဆဲဆဲ၊ မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးလုဆဲဆဲ အခြေအနေကို တပ်မတော်က အချိန်မီ ကယ်တင်ခဲ့ရပြန်သည်။

ဤသည်တို့ကား မြန်မာ့သမိုင်းစာမျက်နှာများတွင် အထင်အရှား ဖော်ညွှန်းရေးထိုးထားသည့် တပ်မတော်၏ မေ့မရနိုင်သော ပထမတာဝန် မော်ကွန်းများ ဖြစ်ပေသည်။

လွတ်လပ်ရေးဆုံးရှုံးရသည်မှာ တစ်ခဏအတွင်းဖြစ်သော်လည်း ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို ပြန်လည်ရရှိအောင်ကြိုးပမ်းရသည်မှာမူ နှစ်ကာလများစွာ၊ တိုင်းရင်းသားပြည်သူတို့၏ အသက်ပေါင်းများစွာ ရင်းနှီးပေးဆပ်ခဲ့ရသည်။ အတိတ်၏ ခါးသီးသော သမိုင်းသင်ခန်းစာများအရ မြန်မာ့လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးစေရေးအတွက် တပ်မတော်က နိုင်ငံနှင့်လူမျိုး အကျိုးကို ရှေးရှုကာ မားမားမတ်မတ် ရပ်တည်ကာကွယ်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂-၄-၁၉၉၆ရက်မှ ၁၇-၄-၁၉၉၆ရက်အတွင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် မန္တလေးတိုင်း ခရီးစဉ်အတွင်း တပ်မတော်၏ ဒုတိယတာဝန်နှင့် စပ်လျဉ်း၍–

"နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန် စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရန်လိုကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရေးအတွက် အမြဲတမ်း လေ့ကျင့်နေရမည် ဖြစ်ကြောင်း"

လမ်းညွှန်မိန့်ကြားခဲ့သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အင်အား တောင့်တင်းရေးအတွက် အရည်အချင်းအရေးကြီးပုံကို ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၆ရက်နေ့က ကျင်းပသော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ဤသို့ မိန့်ကြားခဲ့သည်–

"တပ်မတော်တစ်ရပ် အင်အားတောင့်တင်းရေးအတွက် အရည်အချင်းဟာ အရေအတွက်ထက်ပိုပြီး အဓိကကျတယ်။ အရည်အချင်းမရှိသမျှ အင်အားဆိုတာ မဖြစ်နိုင်ကြောင်း ပြောကြားလိုတယ်။ ဒါ့ကြောင့် ရဲဘော်တို့ဟာ မိမိကိုယ်မိမိနဲ့ မိမိကွပ်ကဲရတဲ့ တပ်ဖွဲ့ဝင်တွေကို အရည်အချင်းမြင့်မားအောင် အစဉ်အမြဲ ကြိုးစားကြဖို့ မှာကြားလိုတယ်။ မျိုးချစ်စိတ်ဓာတ် ရှိပြီးဖြစ်တဲ့ ဒို့တပ်မတော်သားတွေဟာ အခြေခံအရည်အချင်း ငါးပါးနဲ့ ပြည့်စုံတဲ့အပြင် တပ်မတော်အား ၁၀ပါးနဲ့လဲ ပြည့်စုံနေမယ်ဆိုရင် စွမ်းရည်ရှိနေပြီ ဖြစ်တယ်။"

တပ်မတော်သည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည် မြင့်မားနေစေရန် အစဉ်အမြဲ လေ့ကျင့်လျက်ရှိသည်။ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်အောင် တည်ဆောက်လျက်ရှိသည်။ ထို့အတူ တပ်မတော်သည် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားများ မြင့်မားစေရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါစွမ်းရည်၊ စွမ်းအားတို့သည် တပ်မတော်အတွက် အရေးပါသော အရည်အချင်းများဖြစ်ကြသည်။ တပ်မတော်၏အရည်အချင်း မြင့်မားစေရန်အတွက် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ ကာကွယ်ရေးအမြင်ဟူသော အမြင်လေးမြင်သည် အဓိကကျသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရာတွင်လည်းကောင်း၊ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ဆက်လက်တည်ဆောက်ရာတွင်လည်းကောင်း အမြင်လေးမြင် ထက်မြက်ရှင်သန်နေရန် အစဉ်လိုအပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နှစ်(၆၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အမြင်လေးမြင်နှင့်စပ်လျဉ်း၍–

" နိုင်ငံတော်ကို ခေတ်ပြောင်းစနစ်ပြောင်း လုပ်ရမယ့် ကာလမှာ အစိုးရအဖွဲ့နဲ့ နိုင်ငံတော်အဖွဲ့အစည်းတွေဟာ တောင့်တင်းခိုင်မာပြီး စွမ်းအားရှိဖို့ လိုတယ်။ မှန်ကန်တဲ့ မူဝါဒကို ချမှတ်နိုင်ရမယ်။ ပီပီပြင်ပြင် အကောင်အထည် ဖော်နိုင်စွမ်းလဲ ရှိရမယ်။ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးတို့မှာ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်ရမယ်။ ဒါ့အပြင် တပ်မတော်ဟာ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ ကာကွယ်ရေးအမြင် စတဲ့ အမြင်လေးမြင်နဲ့ နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေး စွမ်းအားနဲ့ ကာကွယ်ရေး စွမ်းအားတွေကို ပြည်သူလူထုနဲ့လက်တွဲပြီး အထူးကြိုးပမ်း တည်ဆောက်နေတာပဲ ဖြစ်တယ်"

ဟူ၍ မိန့်ကြားခဲ့သည်။

ယနေ့ကာလတွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြည်ပကျူးကျော်သူများက လက်နက်အလုံးအရင်း၊ လူသူအလုံးအရင်းဖြင့် ဝင်ရောက်ကျူးကျော်နှောင့်ယှက်ခြင်း မရှိသော်လည်း ပြည်ပအားကိုး အဖျက်သမား ပုဆိန်ရိုးတို့ကို သွေးထိုးလှုံ့ဆော်မှုမှတစ်ဆင့် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်လျက်ရှိကြသည်။ ထို့ပြင် ပြည်ပသြဇာခံ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနအချို့ကလည်း မီဒီယာကို လက်နက်သဖွယ် အသုံးပြုကာ မြန်မာ့ ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်လျက် ရှိကြသည်။

လူသူလက်နက် ခဲယမ်းဖြင့်မဟုတ်သော ပြည်ပကျူးကျော်မှုကို တိုက်ခိုက်ရာတွင် တပ်မတော်အတွင်း အမြင်လေးမြင်အစဉ်ထက်မြက်ရှင်သန်နေစေရန် အထူးလိုအပ်သည်။ ထိုသို့ အမြင်လေးမြင် အစဉ်ထက်မြက် ရှင်သန်နေစေရန် တပ်မတော်စစ်ကျောင်းကြီးများက တပ်မတော်သားများအား လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေး တာဝန်နှင့်အတူ တတိယတာဝန်ကြီးဖြစ်သည့် ပြည်သူ့အကျိုးပြုတာဝန်များကိုလည်း တစ်ပြိုင်တည်း ထမ်းဆောင်လျက်ရှိသည်။

ဒို့တပ်မတော်သားတွေဟာ ပြည်သူ့ကြားက ပေါက်ဖွားလာတဲ့ရင်နှစ်သည်းချာတွေဖြစ်တယ်။ ဒါ့ကြောင့် ရောက်လေရာ ဒေသတိုင်း ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ကြဖို့နဲ့ နိုင်ငံတော်နှင့်နိုင်ငံသားတို့အပေါ် ကျရောက်မယ့် အန္တရာယ်မှန်သမျှကို ပြည်သူနဲ့လက်တွဲပြီး သက်စွန့်ကြိုးပမ်းတွန်းလှန်ကြဖို့ မှာကြားလိုတယ်။

တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာသော ရင်နှစ်သည်းချာများဖြစ်သည်နှင့်အညီ မိဘနှင့်သားသမီးကြား၌ ရှိနှင့်ပြီးဖြစ်သော မေတ္တာ တရားကိုရှေ့ထားလျက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်မှာ တပ်မတော်ဟူ၍ ပေါက်ဖွားလာကတည်းကပင် ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၅၉) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်၏ ပြည်သူ့အကျိုးပြု လုပ်ငန်းများနှင့်စပ်လျဉ်း၍–

" ဒို့တပ်မတော်သားတွေဟာ ပြည်သူ့ကြားက ပေါက်ဖွားလာတဲ့ ရင်နှစ်သည်းချာတွေဖြစ်တယ်။ ဒါ့ကြောင့် ရောက်လေရာ ဒေသတိုင်းမှာ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ကြဖို့နဲ့ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ကျရောက်မယ့် အန္တရာယ်မှန်သမျှကို ပြည်သူနဲ့လက်တွဲပြီး သက်စွန့်ကြိုးပမ်း တွန်းလှန်ကြဖို့ မှာကြားလိုတယ်"

ဟူ၍ မိန့်ကြားသွားခဲ့သည်။

၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံနှင့် အဝန်း အေးချမ်းတည်ငြိမ်မှုရှိလာချိန်၊ တပ်မတော်က စစ်တိုက်ရန် တာဝန်မရှိသည့် အချိန်ကာလများ၌ တပ်မတော်သည် မိဘပြည်သူများအတွက် အလုပ်အကျွေးပြုရင်း နိုင်ငံ့အကျိုးပြု တည်ဆောက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်သားများ တည်ဆောက် အကောင်အထည်ဖော်ခဲ့သော မော်တော်ကားလမ်းမကြီးများ၊ မီးရထားလမ်းများ၊ တံတားကြီးများ၊ ဆည်တမံကြီးများသည် နိုင်ငံအဝန်း အထင်အရှား တည်ရှိနေသည်။

တပ်မတော်သားများ ဖောက်လုပ်ခဲ့ တိုင်းအလိုက် **လမ်းမကြီး**များကို ဤသို့

စဉ်	ပြည်နယ်/တိုင်း	
၁။	ရန်ကုန်တိုင်း	တိုက်ကြ ရန်ကုန်
၂။	ရှမ်းပြည်နယ်	တာကေ ကျိုင်းတ ကျောက် ခိုလမ်– မိုးနဲ–က မိုင်းပန်–
၃။	ဧရာဝတီတိုင်း	ပုသိမ်– ပုသိမ်– တာကျေ
၄။	ကချင်ပြည်နယ်	မြစ်ကြီး တနိုင်း–
၅။	ကယားပြည်နယ်	ဖားဆော
၆။	ကရင်ပြည်နယ်	ကော့ကို ဘောက ဝါးဘိုး
၇။	မကွေးတိုင်း	မကွေး– ဂန့်ဂေါ– နတ်ချေ ပခုက္ကူ– ပခုက္ကူ– အောင်
၈။	စစ်ကိုင်းတိုင်း	ဘုတလ သက္ကယ် ကလေး ကလေး နတ်ချေ လေးရှီး လဟယ် လဟယ် လောင် မော်လို ပုံညို–စ အရီးကို ပုံညို–ဂ
၉။	ရခိုင်ပြည်နယ်	ရန်ကုန်
၁၀။	မွန်ပြည်နယ်	သိမ်ဆိပ် ဝိယော်–
၁၁။	တနင်္သာရီတိုင်း	တနင်္သာ လေညာ
၁၂။	မန္တလေးတိုင်း	ပုဂံ–ညေ ပုသိမ်ကြ
၁၃။	ချင်းပြည်နယ်	တီးတိန် ထန်တ

Army Cover (B+C) 1 3/28/1905, 8:19 PM

...က် တပ်မတော်နေ့ဦးတည်ချက်

...ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်
...တ်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူ
...ပမ်းဆောင်ရွက်ရေး။
...က်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး
...ဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။
...ရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်း

...သုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား
...မ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်

တပ်မတော်သားများ ဖောက်လုပ်ခဲ့သော နိုင်ငံအဝန်း ပြည်နယ်နှင့်တိုင်းအလိုက် **လမ်းမကြီး**များကို ဤသို့ တွေ့ရှိရမည်ဖြစ်သည်။

စဉ်	ပြည်နယ်/တိုင်း	မော်တော်ကားလမ်း
၁။	ရန်ကုန်တိုင်း	တိုက်ကြီး–ဖူးကြီး–ဖောင်ကြီးလမ်း ရန်ကုန်–ပဲခူးခြောက်လမ်းသွားလမ်း
၂။	ရှမ်းပြည်နယ်	တာကော်–မိုင်းပျင်း–ကျိုင်းတုံလမ်း ကျိုင်းတုံ–တာချီလိတ်လမ်း၊ ရပ်စောက်–ကျောက်ဂူ–နောင်ချို၊ လားရှိုး–မူဆယ် ခိုလမ်–ကျိုင်းတောင်းလမ်း၊ မိုးနဲ–ကျိုင်းတောင်းလမ်း၊ မိုင်းပန်–ကျိုင်းတောင်းလမ်း
၃။	ဧရာဝတီတိုင်း	ပုသိမ်–သလပ်ချွာ–မော်တင်စွန်း ပုသိမ်–သလပ်ချွာ–ငွေဆောင်လမ်း တာကွေ့–ကဇန်း၊ မအူပင်–ဆားမလောက်
၄။	ကချင်ပြည်နယ်	မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို တနိုင်း–နန်းယွန်း
၅။	ကယားပြည်နယ်	ဖားဆောင်း–ခဲမဖြူ–ထီးထ–စောထ
၆။	ကရင်ပြည်နယ်	ကော့ကျိုက်–ကော့ပရံ–ဇာသပြင် ဘောကလိကြီး–မော်ချီး ဝါးဘိုးတော–ကမမောင်း၊ဖာပွန်–ကမမောင်း
၇။	မကွေးတိုင်း	မကွေး–တောင်တွင်းကြီး၊ ပုသိမ်–မုံရွာ ဂန့်ဂေါ–ရေမျက်နီ၊ သရက်–မင်းတုန်း နတ်ချောင်း–ဂန့်ဂေါ ပခုက္ကူ–ကျွန်းချောင်း–ဆိပ်ဖြူလမ်း ပခုက္ကူ–မင်းရွာ၊ ပခုက္ကူ–မြို့စိုး–ဓိုးပြား အောင်လံ–ဆတ်သွား
၈။	စစ်ကိုင်းတိုင်း	ဘုတလင်–ကလေးဝ–တမူး၊ ရေဦး–ခင်ဦး၊ သက္ကယ်ကျင်း–ဖောင်းပြင်–ခန္တီး ကလေး–နတ်ချောင်း၊ ကလေး–ကျီကုန်းလမ်း၊ နတ်ချောင်း–ဂန့်ဂေါ လေးရှီး–ပန်ဆပ်–ဆွမ်ပရာဘွမ် လဟယ်–ယမ်းကျုံးလမ်း လဟယ်–ဆော့လော်–ပုံညိုလမ်း လောင်ငေါ်င်–အရီးကျိန်လမ်း မော်လိုက်–ပြောင်ဘုတ်–စော်ဘွား–ရေရှင် ပုံညို–စပ်ဖောင်–အရီးကျိန်လမ်း အရီးကျိန်–တန်ပါခွေလမ်း ပုံညို–ကျွန်းဆောင်–အရီးကျိန်လမ်း
၉။	ရခိုင်ပြည်နယ်	ရန်ကုန်–စစ်တွေ
၁၀။	မွန်ပြည်နယ်	သိမ်ဆိပ်၊ သံဖြူဇရပ်–ဘုရားသုံးဆူလမ်း၊ ဝိယော်–လေးကေလမ်း
၁၁။	တနင်္သာရီတိုင်း	တနင်္သာရီ–တောင်ဖရု–မဏ္ဍိုင်လမ်း၊ လေညာ–ဘုတ်ပြင်းလမ်း၊
၁၂။	မန္တလေးတိုင်း	ပုဂံ–ညောင်ဦး–မြင်းခြံလမ်း၊ ပုသိမ်ကြီး–ပြင်ဦးလွင်လမ်း၊
၁၃။	ချင်းပြည်နယ်	တီးတိန်–တွန်းဇံ–ကျီခါးလမ်း၊ ထန်တလန်–လုံလဲကားလမ်း

ထို့အတူ တပ်မတော်သားများ ဖောက်လုပ်ခဲ့သည့် **တံတားကြီးများ**ကိုလည်း ဤသို့တွေ့ရှိရမည် ဖြစ်သည်–

စဉ်	အမည်	တည်နေရာ
၁။	ပသောင်း	မြိတ်မြို့နယ်
၂။	ဒေါ်လန်း	လှိုင်းဘွဲမြို့နယ်
၃။	ငမိုးရိပ်	ရန်ကုန်မြို့
၄။	ပုထိုးလုံ	ကနီမြို့နယ်
၅။	လပင်	ကလေးဝမြို့နယ်
၆။	တိန်း	မင်းကင်းမြို့နယ်
၇။	မြို့မ	ကနီမြို့နယ်
၈။	ရုံးပင်	လယ်ဝေးမြို့နယ်
၉။	အဆုံချောင်း	တပ်ကုန်းမြို့နယ်
၁၀။	ငလိုက်ချောင်း	ပျဉ်းမနားမြို့နယ်
၁၁။	ဆင်သေချောင်း	ပျဉ်းမနားမြို့နယ်

ဆည်တမံကြီးများကိုလည်း တပ်မတော်သားများက တည်ဆောက်ပေးခဲ့သည်ကို အောက်ဖော်ပြပါအတိုင်း တွေ့ရှိနိုင်သည်–

စဉ်	ဆည်တမံများ	မြို့နယ်
၁။	ရဟိုင်းကွင်းရေလှောင်တမံ	ငွမြို့နယ်
၂။	ကွမ်းခြံကုန်းရေထိန်းတံခါး	ကွမ်းခြံကုန်းမြို့နယ်
၃။	သဲတော ရေလှောင်တမံ	လက်ပံတန်းမြို့နယ်
၄။	သစ်တက်ကုန်းရေလွှဲဆည်	မြစ်သားမြို့နယ်
၅။	ကြက်မောက်နှင့် လယ်တီရေထိန်းတမံ	မြိုင်မြို့နယ်
၆။	ပုန်းမကြည်ရေလှောင်တမံ	မလှိုင်မြို့နယ်
၇။	မြို့သာရေလှောင်တမံ	ငါန်းဇွန်မြို့နယ်
၈။	နန်ကသူရေလှောင်တမံ	အင်္ဂပူမြို့နယ်
၉။	မိုးမခ ရေထိန်းတံခါး	တွံတေးမြို့နယ်

အလားတူ နိုင်ငံတစ်လွှားရှိ အောက်ဖော်ပြပါ **မီးရထားလမ်းများ**မှာလည်း တပ်မတော်သားများ၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် တပ်မတော်မော်ကွန်းတွင် ဖော်ညွှန်းတည်ရှိနေသည်–

စဉ်	နိုင်ငံအပိုင်း	မီးရထားလမ်းအမည်
၁။	အနောက်မြောက်ခြမ်း	ချောင်းဦး–ပခုက္ကူ
၂။	အရှေ့ဘက်ခြမ်း	ရွှေညောင်–ရပ်စောက်
၃။	အရှေ့ဘက်ခြမ်း	အောင်ပန်း–လွိုင်ကော်
၄။	အရှေ့ဘက်ခြမ်း	ရွှေညောင်–နန့်စန်
၅။	တောင်ဘက်ခြမ်း	ရေး–ထားဝယ်
၆။	အလယ်ပိုင်း	ပြည်–အောင်လံ–တောင်တွင်းကြီး

ဤသို့လျှင် တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ကာကွယ်ရေး တာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူသည့် အဓိကတာဝန်ကြီး သုံးရပ်ကို ကျေပွန်ခဲ့သည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်၏ အဓိကတာဝန်ကြီးသုံးရပ်ကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ရေးနှင့်စပ်လျဉ်း၍ ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၆ရက်နေ့က ကျင်းပခဲ့သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၈)သင်တန်းဆင်းပွဲတွင် ဤသို့ လမ်းညွှန်မိန့်ကြားခဲ့သည်–

"နိုင်ငံတော်ဟာ စစ်မှုထမ်း တစ်ဦးချင်းရဲ့ ဘဝတွေကိုသာမက တပ်မတော်ရဲ့ ဘဝတစ်ခုလုံးကိုပါ ပိုင်ဆိုင်တာ ဖြစ်တယ်။ ဒါကြောင့် တပ်မတော်ရဲ့ အဓိကတာဝန်ကြီး(၃)ရပ်ဟာ နိုင်ငံတော် ကာကွယ်ရေး တာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ကိုင်ရမယ့်တာဝန်တွေပဲ ဖြစ်တယ်။ နိုင်ငံတော် ကာကွယ်ရေးတာဝန်နဲ့ ပတ်သက်လာရင် နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် ရန်သူနဲ့ရင်ဆိုင်ရခဲ့သော် ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း ဆိုတဲ့ ဆောင်ပုဒ် အတိုင်း ရဲစွမ်းသတ္တိကို ပြကြရမယ်။ စွမ်းရည်သုံးရပ်ထက်မြက်ဖို့အတွက် လေ့ကျင့်ရေး လုပ်ကြတဲ့အခါ မှာတော့ ဓားကောင်းကိုင်ရင် သွေး၊ မြင်းကောင်းကိုင်ရင် ကျွေးဆိုတဲ့ ဆိုရိုးစကားအတိုင်း လေ့ကျင့်သား ပြည့်ဝအောင် ဆောင်ရွက်ကြရမယ်။ ပြည်သူ့အကျိုးပြုလုပ်ငန်း လုပ်ကိုင်ရာမှာတော့ တိုင်းရင်းသား ပြည်သူတွေရဲ့ ရင်နှစ်သည်းချာတွေဖြစ်တဲ့ ရဲဘော်တို့ဟာ ရောက်ရာဒေသမှာတွေ့ရှိတဲ့ ပြည်သူကို ကိုယ့်မိဘ အရင်းအချာလို သဘောထားပြီး ပြည်သူလူထုအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်(၁၀)ပါးအတိုင်း ပြည်သူတွေ ကြည်ဖြူ ကျေနပ်သည်အထိ အကျိုးပြုဆောင်ရွက်ကြရမယ်၊ မျိုးချစ်တပ်မတော်အဖြစ် စတင်သန္ဓေတည်ခဲ့တဲ့ ဒို့ရဲ့တပ်မတော်ဟာ ဆင်စွယ်မှန်ရင် ပိုးမစားဆိုတဲ့ စကားပုံအတိုင်း မူလဗီဇဖြစ်တဲ့ စစ်သည်တော်ကောင်းများဘဝကို ခံယူကြရမှာဖြစ်ကြောင်း ပြောကြားလိုတယ်။"

တပ်မတော်သည် သစ္စာအဓိဋ္ဌာန်လေးချက်ကို အသက်နှင့်ထပ်တူ လိုက်နာခံယူကျင့်သုံးခဲ့သည်။ တိုင်းရင်းသားပြည်သူများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် (၁၀)ပါးကို ခါးဝတ်ပုဆိုးပမာ မြဲမြံစောင့်ထိန်းခဲ့သည်။ ဒို့တာဝန်အရေးသုံးပါး၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တပ်မတော်၏အစဉ်အလာ (၁၂) ရပ်ကို အမြင့်လေးမြင့်နှင့်အတူ ခံယူထိန်းသိမ်းလာခဲ့သည်။ ထို့အတူ တပ်မတော်သည် အဓိကတာဝန်ကြီးသုံးရပ်ကို ကျေပွန်စွာထမ်းဆောင်လာခဲ့သည်။ ၎င်းတို့သည်ကား မြန်မာ့မှတ်တမ်း တမွန်းတျောက်စာတိုင်များတွင် ယနေ့တိုင် ခိုင်မြဲထင်ရှား ဖော်ညွှန်းထားသည့် တပ်မတော်၏ [illegible]

မြင့်မြတ်နှလုံးသား ပိုင်ရှင်များ

* တပ်မတော်သည်၊ ကိုယ့်တိုင်းပြည်ကို
ချစ်ကြည်လေးနက်၊ ယုံကြည်ချက်ဖြင့်
သက်ခန္ဓာသွေး၊ စွန့်လွှတ်ပေးခဲ့
သို့ပေးခဲ့ကြောင်း၊ သွေးတို့ပေါင်းသော်
သွေးချောင်း ပင်လယ် ဝေလောက်ပြီ။
* တပ်မတော်သည်၊ ကိုယ့်တိုင်းပြည်နှင့်
ချစ်သည် မယား၊ ဆွေမျိုးအားလည်း
ထားခဲ့ ခြားခဲ့၊ ခွဲခွာခဲ့၏
ခွဲခဲ့သဖြင့်၊ ငွေကြယ်ပွင့်တို့
ကြွေလွင့်သည်မှန်း၊ တ ရည်တမ်းသော်
ကြယ်ပန်း သမုဒ္ဒရာ တိုင်လိမ့်မည်။
* တပ်မတော်သည်၊ ကိုယ့်တိုင်းပြည်ကို
ဓွန့်ရှည်စေရေး၊ အစဉ်တွေး၏
အရေးသုံးပါး၊ ဦးထိပ်ထားကာ
စွန့်စားသက်နှင်း၊ ရန်ကိုရှင်း၏
သို့ရှင်းရာက၊ ကြွေလွင့်ရလည်း
ကြွေကျ မဆန်း၊ စွန့်နိုင်စွမ်းသည်
အလွမ်းတို့ဆင့်၊ ပန်းတို့ပွင့်သော်
ပန်းမြင်းမိုရ်တောင် မကပြီ။

* တပ်မတော်သည်
ရှေးဆီကစ၊ ခုကာလတိုင်
ရယူလိုခြင်း၊ မရှိကင်းလျက်
အားတင်းမာန်ချီ၊ ခရီးရှည်ဝယ်
တိုင်းပြည်အတွက်၊ ယုံကြည်ချက်ဖြင့်
ပြည်သူ့အတွက်၊ ခံယူချက်ဖြင့်
အသက်ခန္ဓာ၊ မြောက်မြားစွာကို
ပမာပြင်ကျယ်၊ သွေးပင်လယ်သို့
ကြယ်ပန်း သမုဒ္ဒရာ၊ ဥပမာသို့
မာလာပန်းဆို၊ တောင်မြင်းမိုရ်သို့
ကိုယ်မြတ်နိုးရာ၊ ကိုယ့်ပြည်ရွာအတွက်
ကောင်းစွာပေးဆပ်၊ သက်နှင်းအပ်သည်
မြင့်မြတ်နှလုံးသား၊ ပိုင်ရှင်များဟု
လေးစားဂုဏ်ပြုလိုက်သည်တကား။ ။

မြင်းမူမောင်နိုင်မိုး

ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ဆက်သွယ်သွားလာမှုလွယ်ကူစေရေးအတွက် တောင်ကြီး–ရွှေညောင် ရထားလမ်းကို တပ်မတော်သားများ၏ လုပ်အားဖြင့် ဤသို့ဖောက်လုပ်ခဲ့ကြသည်။

တာဝန်ကြီးသုံးရပ်ကို ထင်ဟပ်ဖော်ညွှန်းနေသည့် တပ်မတော်၏ သမိုင်းမော်ကွန်းများ

တက္ကသိုလ်မောင်သုလှိုင်

"ဒို့တပ်မတော်မှာ အဓိကတာဝန်ကြီး သုံးရပ်ရှိတယ်။ ပထမတာဝန်ဟာ နိုင်ငံတော်ကို ကာကွယ်ဖို့ဖြစ်တယ်။ နိုင်ငံတော်ကို ကာကွယ်နိုင်ဖို့အတွက် အမြဲတမ်းလေ့ကျင့်ကြရမယ်။ ကာကွယ်ရေးတာဝန်ရဲ့ သဘောသဘာဝအရ အမြဲတမ်းလေ့ကျင့်နိုင်မှ စွမ်းရည်ထက်မြက်မှာဖြစ်တယ်။ ဒါ့ကြောင့် လေ့ကျင့်ရေးဟာ ဒို့ရဲ့ဒုတိယတာဝန်ဖြစ်တယ်။ ဒို့တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့ လေ့ကျင့်ရေး တာဝန်တွေအပြင် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်တွေကိုလဲ တတိယတာဝန်အဖြစ် အားကြိုးမာန်တက် ထမ်းဆောင်ကြရမယ်။ ဒို့တပ်မတော်သားတွေဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ ရင်နှစ်သည်းချာတွေ ဖြစ်တယ်။ ဒါ့ကြောင့် ရောက်လေရာ ဒေသတိုင်းမှာ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ကြဖို့နဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် ကျရောက်မယ့်အန္တရာယ်မှန်သမျှကို ပြည်သူနဲ့လက်တွဲပြီး သက်စွန့်ကြိုးပမ်း တွန်းလှန်ကြဖို့ မှာကြားလိုတယ်။"

[နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မြွက်ကြားသည့် မိန့်ခွန်းမှ]

တပ်မတော်တွင် အဓိကတာဝန်ကြီး သုံးရပ်ရှိသည်။ ၎င်းတို့မှာ နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုတာဝန်တို့ ဖြစ်ကြသည်။

တပ်မတော် စတင်သန္ဓေတည် ပေါက်ဖွားလာကတည်းကပင် **"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား။ ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"** ဟူသည့် မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသော သစ္စာဓိဋ္ဌာန်သည် တပ်မတော်သားတို့၏ နှလုံးသည်းပွတ်၌ တွယ်ငြိလာခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသော မြန်မာ့တပ်မတော်၏ သက်တမ်းသည် ယခုအခါ (၆၁)နှစ်ရှိခဲ့ပြီ ဖြစ်သည်။ တပ်မတော်သည် ဖြတ်သန်းလာသည့် သမိုင်းတစ်လျှောက်တွင် အဓိကတာဝန်ကြီးသုံးရပ်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ တပ်မတော်သည် သမိုင်းပေးတာဝန်များကိုကျေပွန်ခဲ့သည်။ အခက်အခဲများကို ကျော်လွှားနိုင်ခဲ့သည်။ တိုက်ပွဲများကို အောင်နိုင်ခဲ့သည်။ ၎င်းတို့မှာ မိဘ၊ မောင်ဖွား တိုင်းရင်းသား ပြည်သူများ၏ ပူးပေါင်းပါဝင် လက်တွဲခဲ့မှုကြောင့် ဖြစ်သည်။

ဤသို့လျှင် ပြည်သူတို့အတွက် ပြည်သူတို့နှင့်အတူ လက်တွဲပြီး အောင်ပွဲများဆင်နွှဲခဲ့သည့် တပ်မတော်၏ မော်ကွန်းသည် မြန်မာ့သမိုင်းစာမျက်နှာများတွင် ဖော်ညွှန်းထင်ဟပ် ကမ္ပည်းတင်လျက်ရှိသည်။ တာဝန်ကြီးသုံးရပ်ကို စဉ်ဆက်မပြတ်ကျေပွန်ခဲ့သည့် တပ်မတော်၏အောင်ပွဲမှတ်တမ်းများသည် မြန်မာ့သမိုင်းစာမျက်နှာများတွင် အထင်အရှား မော်ကွန်းတင်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၆)သင်တန်းဆင်းပွဲတွင် မိန့်ခွန်း မြွက်ကြားရာ၌ တပ်မတော်၏ ပထမတာဝန်နှင့်စပ်လျဉ်း၍-

"ပထမတာဝန်ဖြစ်တဲ့ စစ်တိုက်ရန် ဆိုတာကတော့ တပ်မတော်ဆိုတာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့ ဖွဲ့စည်းထားတာဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထုပိုင်နက်နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံတော်ရဲ့ အမျိုးသား အကျိုးစီးပွားမှန်သမျှကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်ကို လုံခြုံအောင် ကာကွယ်စောင့်ရှောက်ကြရမယ်"

ဟူ၍ ထည့်သွင်း မိန့်ကြားခဲ့သည်။

တပ်မတော်သည် နိုင်ငံတော် လွတ်လပ်ရေးရပြီးနောက် တွေ့ကြုံ ရင်ဆိုင်လာခဲ့ရသော ပြည်တွင်း၊ ပြည်ပ ရန်စွယ်မှန်သမျှကို တိုက်ခိုက် ချေမှုန်းခဲ့ရသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးစေရေးအတွက် ကာကွယ်ခဲ့ရသည်။ ချောက်ကမ်းပါးထဲ ကျအံ့ဆဲဆဲ နိုင်ငံတော်ကို အချိန်မီ ကယ်ဆယ်ခဲ့ရသည်။ ထိုသို့တိုက်ခိုက်၊ ချေမှုန်း၊ ကာကွယ်၊ ကယ်ဆယ်ခဲ့ရသည့် ဖြစ်ရပ်များတွင် တပ်မတော်စစ်သည်တို့၏ အသက်၊ သွေး၊ ချွေးပေါင်း မြောက်မြားစွာကို ရင်းနှီးပေးဆပ်ခဲ့ရသည်။

သမိုင်းဖြစ်ရပ်မှန်များက တပ်မတော်မော်ကွန်းကို အထင်အရှား ဖော်ညွှန်းထားပေသည်။

လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်ကို ကြုံတွေ့ခဲ့ရသည်။ တိုင်းရင်းသား ပြည်သူများမှာ လွတ်လပ်ရေး၏ အရသာကို မခံစားရဘဲ စစ်ဘေးစစ်ဒဏ်ကိုသာ ခံစားခဲ့ရသည်။ နိုင်ငံခြား စာနယ်ဇင်းများက ရန်ကုန်အစိုးရဟု အခေါ်ခံရသည်အထိ နိုင်ငံ၏ အုပ်ချုပ်မှုယန္တရားမှာပျက်ပြားခဲ့ရသည်။ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးလုနီးပါး ပြည်တွင်းစစ်များ ဖြစ်ပွားခဲ့သည်။ တပ်မတော်သည် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကာ မြန်မာ့လွတ်လပ်ရေးကို ကျားကုတ်ကျားခဲ ကာကွယ်ခဲ့ရသည်။

အထူးထုတ် (ခ) သို့

နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းလက်တွဲ တည်ဆောက်ခဲ့သော သံလွင်တံတား (တာပါး)၏ မြင်ကွင်းအလှကို ဤသို့ တွေ့ရသည်။



မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၂၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၇၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည် ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

(၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံဖွင့်ပွဲကျင်းပ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကမ္ဗည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၂၆

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၆) ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် မင်းရဲကျော်စွာလမ်းရှိ အဆိုပါဆေးရုံ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ဆေးရုံကမ္ဗည်းမော်ကွန်း ကြေးပြားကို စက် ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ (ယာပုံ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ဆေးရုံရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် *စာမျက်နှာ ၁၁ ကော်လံ ၁* ●

မြန်မာ့အလင်း (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု

❒ တိုင်းတစ်ပါးက ရန်စ ကျူးကျော်လာခဲ့သော် ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသကဲ့သို့ နိုင်ငံတော် ကာကွယ်ရေးအတွက် လိုအပ်ချက်များကို ခေတ်မီတပ်မတော် တည်ဆောက်ရေး နှင့်ဟန်ချက်ညီ ပြည်သူ့စစ် အယူအဆ အခင်းအကျင်းကိုပါတစ်ချိန်တည်း ဖွဲ့စည်းပြင်ဆင်ထားရှိရလေသည်။

ဗလမင်းထင်၏ ဆောင်းပါး (စာ-၃)

❒ တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာသော ရင်နှစ်သည်းချာများ ဖြစ်သည်နှင့်အညီ မိဘနှင့်သားသမီးကြား၌ ရှိနှင့်ပြီးဖြစ်သော မေတ္တာတရားကိုရှေ့ထားလျက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်မှာ တပ်မတော်ဟူ၍ ပေါက်ဖွားလာကတည်းကပင်ဖြစ်သည်။

တက္ကသိုလ်မောင်သုလှိုင်၏ ဆောင်းပါး (အထူးထုတ်-ဃ၊ ခ၊ ဂ)

❒ မြင့်မြတ်နလုံးသားပိုင်ရှင်များ

မြင်းမူမောင်နိုင်မိုး၏ကဗျာ (အထူးထုတ်-ဂ)

(၆၁)နှစ်မြောက် တပ်မတော်နေ့

အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းမှ အထူးဆုရရှိကြသူများအားဆုချီးမြှင့်

ရန်ကုန် မတ် ၂၆

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာ ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းမှ အထူးဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းသူရိယလှသောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း တက်ရောက်၍ ဆုများကိုချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်အရာရှိကြီးများ၊ အထူးဆုရရှိကြသူများနှင့် ၎င်းတို့၏ မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲဖြစ်သည့် ကဗျာပြိုင်ပွဲ ၊ဝတ္ထုတိုပြိုင်ပွဲ၊ ဝတ္ထုရှည်ပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပန်းပုပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲ၊ တေးသီချင်းပြိုင်ပွဲ၊ ရုပ်မြင်သံကြားဇာတ်စမ်းပဟေဠိ ပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ တို့၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းမှ အထူးဆုရရှိသူများအား တစ်ဦးချင်းဆုများကို ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၂၇ ရက်)

အမျိုးသားရေးတာဝန် ကျေပွန်စွာဆက်လက်ထမ်းဆောင် မျိုးချစ်တပ်မတော်အဖြစ် ပြည်သူကိုအလုပ်အကျွေးပြု

၂၀၀၆ ခုနှစ် မတ်လ ၂၇ ရက် (ယနေ့)သည် (၆၁)နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်။

မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ၌ စတင်သန္ဓေတည်၍ ဖက်ဆစ်တော်လှန်ရေးကာလတွင် မွေးဖွားလာခဲ့သော တပ်မတော်ဖြစ်သည်။ ပြည်သူလူထုနှင့်အတူ လက်တွဲ၍ မြန်မာ့လွတ်လပ်ရေးကို ရယူပေးခဲ့သည့် တပ်မတော်ဖြစ်သည်။ နိုင်ငံတော် ပြိုကွဲပျက်စီးသွားနိုင်သည့် အန္တရာယ် အကျပ်အတည်းများနှင့်ကြုံတိုင်း နိုင်ငံနှင့်လူမျိုးအတွက် ပြည်သူလူထုရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ နိုင်ငံတော်ကို အသက်ပေး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့သော တပ်မတော်လည်း ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီးနောက် နယ်ချဲ့၏ပယောဂနှင့် တစ်ယူသန်ဝါဒအစွဲများကြောင့် ပေါ်ပေါက်လာသည့် ရောင်စုံသောင်းကျန်းသူများ၏ ဆူပူသောင်းကျန်းမှု ပြင်းထန်လာသဖြင့် ရန်ကုန်အစိုးရဟု အခေါ်ခံနေရချိန်တွင် တပ်မတော်သည် နိုင်ငံတော်၏မျက်နှာတစ်ခုတည်းကိုသာကြည့်ပြီး ရောင်စုံသောင်းကျန်းသူများကို နှိမ်နင်း၍ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် အာဏာရဖဆပလအစိုးရအဖွဲ့အတွင်း တည်မြဲ၊ သန့်ရှင်းဟူ၍ နှစ်ခြမ်းကွဲသွားရာ၌ တချို့သော နိုင်ငံရေးအင်အားစုများသည် တပ်မတော်ကိုဖျက်သိမ်းပြီး ခါးပိုက်ဆောင်တပ်များနှင့် အစားထိုးရန်ကြံစည်ခဲ့ကြသည်။ တချို့က မြေအောက်သောင်းကျန်းသူများနှင့် ပူးပေါင်းရန် ကြံစည်ခဲ့ကြသည်။ နိုင်ငံတော် အစိတ်စိတ်အမြွှာမြွှာပြိုကွဲပြီး သွေးချောင်းစီးဖြစ်ရပ်ဆိုးများနှင့် ကြုံတွေ့ရတော့မည့်အန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံလာခဲ့ရသည်။ ထိုအချိန်တွင် တပ်မတော်သည် အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူ၍ အခြေအနေကောင်းများ ရရှိဖြစ်ထွန်းလာသည်အထိ ဘက်မလိုက်ဘဲ တည့်မတ်မှန်ကန်စွာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နိုင်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင်မူ လူမျိုးရေးအမြင်ကျဉ်းမြောင်းသူများသည် ၁၉၄၇ ခုနှစ်ကာလက နယ်ချဲ့အလိုကျ ရေးဆွဲခဲ့ရသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အားနည်းချက်ကို အခွင့်ကောင်းယူကာ ပြည်ထောင်စုမှ ခွဲထွက်ရန် ကြိုးစားခဲ့ကြသည်။ ထို့ကြောင့် တပ်မတော်သည် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်အာဏာကို ရယူထိန်းသိမ်းခဲ့ပြီး နိုင်ငံတော်ပြိုကွဲတော့မည့် အန္တရာယ်ကို ကာကွယ်တားဆီးခဲ့ရသည်။

၁၉၈၈ ခုနှစ်တွင် မြေပေါ်၊ မြေအောက်၊ လက်ဝဲလက်ယာ၊ ပြည်တွင်းပြည်ပ ဆန့်ကျင်သူများက ပယောဂမျိုးစုံတို့ဖြင့် တိုင်းဆူပြည်ဖျက် အရေးအခင်းကို လုပ်ကြံဖန်တီးလာခဲ့ကြသည်။ တစ်နိုင်ငံလုံးတွင် အကြမ်းဖက်ဝါဒနှင့် မင်းမဲ့စရိုက်များ လွှမ်းမိုးလာခဲ့သဖြင့် တပ်မတော်ကပင် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့၌ နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရပြန်သည်။

မျက်မှောက်ကာလတွင်လည်း တပ်မတော်သည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို ပြည့်စုံလုနီးပါး တည်ဆောက်ပေးထားနိုင်ခဲ့ပြီဖြစ်သည်။ ဆက်လက်၍ လည်း အရှိန်အဟုန်ဖြင့် တည်ဆောက်နေသည်ကို တွေ့မြင်နေကြရသည်။

တပ်မတော်သားတို့သည် စစ်သည်တော်တိုင်း တစ်ဦးချင်းအနေနှင့် လိုက်နာပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါး၊ အကြီးအကဲများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်၁၀ပါး၊ လက်အောက်ငယ်သားများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်၅ပါး၊ အခြားရဲဘော်များအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်၁၀ပါး၊ ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်၁၀ပါးနှင့် ရန်သူအပေါ် ပြုကျင့်ရမည့်ကျင့်ဝတ်၅ပါးဟူ၍ စုစုပေါင်းကျင့်ဝတ်အပါး၆၀ကို လိုက်နာစောင့်ထိန်းကြရသည်။ ထိုသို့ကျင့်ဝတ် ၆၀ ကို လိုက်နာစောင့်ထိန်းလျက်ရှိသော တပ်မတော်သား စစ်သည်တော်တစ်ဦးချင်းဖြင့် ဖွဲ့စည်းထားသော မြန်မာ့တပ်မတော်သည် အစဉ်အလာကောင်းများနှင့်အညီ မျိုးချစ်တပ်မတော်အဖြစ် ပြည်သူကို အလုပ်အကျွေးပြုလျက် ရှိနေပေသည်။

မြန်မာ့တပ်မတော်သားတို့၏ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် စွမ်းရည်နှင့်လုပ်ဆောင်ချက်တို့သည် အစဉ်အမြဲ ထက်မြက်၊ သွက်လက်၊ မြင့်မားနေမည်သာ ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့တပ်မတော်သည် ခေတ်အဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အချိန်အခါတွင်မျှ သစ္စာမဖောက်ဘဲ အမျိုးသားရေးတာဝန်ကိုကျေပွန်စွာ အသက်ပေး ထမ်းဆောင်ခဲ့သည့် မျိုးချစ်တပ်မတော်အဖြစ် ပြည်သူကို အလုပ်အကျွေးပြုလျက်ရှိပါကြောင်း (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ဒီမော့ဆိုမြို့နယ် ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် မတ် ၂၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့်အတူ မတ်၂၀ရက်က လွိုင်ကော်မြို့နယ် နိုးကိုးကျေးရွာအုပ်စု ဗုဒ္ဓဓမ္မရက္ခိတကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ တည်ဆောက်ဆဲ ဘုန်းတော်ကြီးကျောင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် နိုးကိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ ကျေးရွာလူထုနှင့် တွေ့ဆုံကြပြီး တာဝန်ရှိသူက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၂၀၉စောင်ကိုပေးအပ်ပြီး တိုင်းမှူးက အဝတ်အထည်များကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ဗလာစာအုပ်ဒါဇင် ၅၀ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟို အလုပ်အမှုဆောင်တို့သည် လွိုင်ကော်မြို့ မင်္ဂလာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ရောက်ရှိကြ၍ ကျောင်းသား ကျောင်းသူများအား ယဉ်ကျေးမှုသင်တန်း ပို့ချပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကျောင်းဆောင်သစ်ဖွင့်

ယင်းနောက် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒီမော့ဆိုမြို့နယ် ထေးထူဖျကျေးရွာ အခြေခံပညာမူလတန်း ကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲကို တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့ တက်ရောက်အားပေးကြသည်။ ဆက်လက်၍ တိုင်းမှူးက ကျေးရွာအတွက် အဝတ်အထည်များနှင့် ဗဟိုအလုပ်အမှုဆောင်က ဗလာစာအုပ် ဒါဇင်၅၀တို့ကို ပေးအပ်လှူဒါန်းကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင် စကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် လွိုင်ကော် မြို့နယ် ပန်ကန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီဝင်တစ်ဦးက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ တိုင်းမှူးက ဗလာစာအုပ် ဒါဇင်၅၀ကို ပေးအပ်လှူဒါန်းပြီး တိုင်းမှူးနှင့် ဗဟို အလုပ်အမှုဆောင်တို့က ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍တိုင်းမှူးနှင့် ဗဟို အလုပ်အမှုဆောင်တို့သည် လွိုင်ကော်မြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တာဝန်ယူတည်ဆောက်နေသော ထူးထရိတ်ဒင်း တာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က လိုအပ်သည်များကို မှာကြားကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၇-၃-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ ခါသကြိန်အဆိုအကများ
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ ခါသကြိန်အဆိုအကများ
၄း၂၅ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀ ၉။ ခါသကြိန်အဆိုအကများ
၅း၄၅၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀၁၂။ နိုင်ငံတကာသတင်း
၆း၂၀၁၃။ မိုးလေဝသသတင်း
၆း၂၅၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀၁၅။ လျှပ်တစ်ပြက်
၇း၀၀၁၆။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြက်ခင်းစိမ်းနဲ့ အိမ်ကလေး”** (အပိုင်း-၁၀)
၈း၀၀၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကျန်းမာသုတ
၂၀။ မေးမြန်းစူးစမ်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကောင်းကင်သိုင်းကွက်”** (အပိုင်း-၁၆)

၁၀ရက်တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် ၂၁ ရပ်ကွက်၊ မင်္ဂလာရာမ ပရိယတ္တိစာသင်တိုက်တွင် မြောက်ဥက္ကလာပ ရွှေဥမင်ဆရာတော်ကြီးအား ဦးထိပ်ထား၍ သင်္ကြန်ရက်အတွင်း ၁၀ ရက် တရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်ပြီး ကမ္မဋ္ဌာနာစရိယဆရာတော်ဘဒ္ဒန္တဂုဏာစာရာလင်္ကာရက နိဗ္ဗာန်ရောက်ကြောင်း တရားဟောပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူယောဂီများ ဧပြီ ၅ရက်နောက်ဆုံးထား၍ စာရင်းပေး သွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၂၄)နှင့် နွေရာသီသင်တန်း ပေါင်းစုံဖွင့်ပွဲ အခမ်းအနားကို မတ်၂၀ရက်က မြို့နယ်ပြည်ခိုင်ဖြိုးခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်း ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့် တက်ရောက်၍ အလှူငွေများ လက်ခံယူစဉ်။ (၃၂၂)

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော်တည်ဆောက်ရေး

(၆၁)နှစ်မြောက် တပ်မတော်နေ့ အခါသမယသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်သည် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့ စသည့် နေ့ထူးနေ့မြတ်ကြီးများတွင် နိုင်ငံ့သမိုင်း၏ ပကတိ ဆိုက်ရောက်နေသော သမိုင်းရေးတောင်းဆိုမှုအရ နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးမည့် လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များကို **"အမျိုးသားရေး နှိုးဆော်သံများ"**အဖြစ် တိုင်းရင်းသား ပြည်သူအပေါင်းကို မီးမောင်းထိုးပြလေ့ ရှိသည်။

အဆိုပါ နေ့ထူးနေ့မြတ်ကြီးများအလိုက် နိုင်ငံရေးဦးတည်ချက်များကို လေ့လာလျှင် တပ်မတော်အပါအဝင် သက်ဆိုင်ရာ လူထုလူတန်းစား အဖွဲ့အစည်းအသီးသီး၊ တိုင်းရင်းသားမျိုးနွယ်စုအသီးသီးတို့ အနေဖြင့် ဝိသေသအားဖြင့်လည်းကောင်း၊ ယေဘုယျအားဖြင့်လည်းကောင်း၊ ဦးပဲ့ထမ်းရွက်ကြရမည့် လုပ်ငန်းတာဝန်များကို တွေ့မြင်ကြရပေလိမ့်မည်။

နေ့ထူးနေ့မြတ်ကြီးများတွင် ဝိသေသလက္ခဏာများ ရှိနေပြီး အခြားအခြားသော နေ့ထူးနေ့မြတ်ကြီးများနှင့် ကြောင်းကျိုးဆက်နွယ်နေသည်ဖြစ်ရကား **"လွတ်လပ်ရေး တည်တံ့ခိုင်မြဲမှုနှင့် တိုင်းရင်းသား ပြည်သူအပေါင်း၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး"** ဟူသောအခြေခံသို့ ဦးတည်သည်သာ ဖြစ်ပေသည်။

(၆၁)နှစ်မြောက် တပ်မတော်နေ့တွင် ချမှတ်ထားသည့် နိုင်ငံရေး ဦးတည်ချက်များကို သဘောတရားအားဖြင့် ကဏ္ဍလေးရပ်ခွဲခြားဖော်ပြထားသော်လည်း ယင်းကဏ္ဍလေးရပ်သည် ပေါင်းစည်းသော တစ်ခုလုံးအဖြစ် အနှစ်သာရကို ဆောင်ယူထားပေသည်။ ယင်းမှာ ရေကိုသား၍ အကြားမထင်ဆိုသကဲ့သို့ မျက်မှောက်ခေတ်ပြောင်းကာလ **"တပ်မတော်ကို မဏ္ဍိုင်ပြု၍ နိုင်ငံတော်ကိုကာကွယ်ရင်း တည်ဆောက်နေသည့် အခြေအနေ"**၏ ပြဆိုချက် ဖြစ်သည်။ ထို့ကြောင့် ဦးတည်ချက်လေးရပ် အနက် တပ်မတော်ပိုင်းဆိုင်ရာ အပိုင်းကဏ္ဍကို တင်ပြလိုပေသည်။

လွတ်လပ်ရေးနှင့် ခေတ်မီတပ်မတော်

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၅) သင်တန်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

> **"လူသားတို့ရဲ့သမိုင်းကို လေ့လာရင် ကိုယ့်မိသားစု ကိုယ်ကာကွယ်ရတဲ့ သဘာဝနဲ့ ကိုယ့်အသိုင်းအဝိုင်းကို စုပေါင်းကာကွယ်ဖို့ လိုအပ်ချက်တွေကြောင့် ကာကွယ်ရေးတာဝန်အတွက် စုဖွဲ့မှုတွေ ပေါ်ပေါက်လာခဲ့တယ်။ ဒါ့ကြောင့်လဲ သမိုင်းဦးကာလက စပြီး ယနေ့ကာလတိုင်အောင် လွတ်လပ်တဲ့လူမျိုးတိုင်း၊ နိုင်ငံတိုင်းမှာ တပ်မတော်ဆိုတာ မရှိမဖြစ် လိုအပ်ခဲ့တယ်"**
>
> **"မျက်မှောက်ခေတ် ကမ္ဘာ့ဖြစ်စဉ်တွေကို ကြည့်မယ်ဆိုရင် စစ်အင်အားသုံးပြီး ပြဿနာဖြေရှင်းမှုတွေဟာ ရှိနေဆဲပဲ ဖြစ်တယ်။ ဒါ့ကြောင့်လဲ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ကိုယ့်နိုင်ငံကိုယ်ကာကွယ်နိုင်ဖို့ ကြိုးပမ်းနေကြရတယ်"**
>
> **"ဒို့နိုင်ငံသမိုင်းမှာဆိုရင်လဲ ခေတ်မီတဲ့ အမြဲတမ်းတပ်မတော် မရှိခဲ့လို့ လွတ်လပ်ရေးကို အလွယ်တကူ ဆုံးရှုံးခဲ့ရတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာဆိုတာ အစဉ်အမြဲ သတိကြီးစွာထားပြီး စောင့်ထိန်းအပ်တဲ့ အရာဖြစ်တယ်။ ဒို့နိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် အင်အားတောင့်တင်းပြီး ခေတ်မီတပ်မတော်အဖြစ် ဆက်လက် တည်ဆောက်လျက်ရှိတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်တာနဲ့အမျှ တပ်မတော်ဟာလဲ အချိုးညီညီ ခေတ်မီတိုးတက်လာဖို့ လိုအပ်တယ်"**

ဟူ၍ ကမ္ဘာ့သမိုင်း၏ ဖြစ်စဉ်များနှင့် မြန်မာ့သမိုင်း၏ ဖြစ်စဉ်များမှ ကောက်နုတ်ပြီး တန်ဖိုးအနဂ္ဃကြီးမားသော လုပ်ငန်းလမ်းညွှန် ဩဝါဒစကားကို မြွက်ကြားသွားခဲ့ပေသည်။

ဗလမင်းထင်

၁၉၄၉ခုနှစ်က ထုတ်ဝေသော Organization in Intelligence A Digest from Strategic Intelligence ခေါင်းစဉ်တပ် Princeton University Press က ဖြန့်ချိသော Shermen Kent ဆိုသူ၏ စာအုပ်တွင်–

"နိုင်ငံအချင်းချင်းပြိုင်နေသော ဤကမ္ဘာကြီး၌ မိမိ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုအတွက် နိုင်ငံတိုင်း အမျိုးသားကာကွယ်ရေး မူဝါဒနှစ်ရပ် ရှိကြရမည်။ ပထမမူဝါဒမှာ ပိုမိုသစ်လွင် ကောင်းမွန်လုံခြုံမှုရှိမည့် ကမ္ဘာ့လူနေမှုပုံစံနှင့် လျော်ညီစွာ မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားအလို့ငှာ အပြုသဘောဆောင်၊ ကိုယ်ပိုင်ပြဋ္ဌာန်းရမည့် မူဝါဒဖြစ်ပြီး အခြားမူဝါဒမှာ အမျိုးသားလုံခြုံရေးရာမူဝါဒဟု ခေါ်ဆိုအပ်သော မိမိတို့၏ အမျိုးသားအကျိုးစီးပွား ရည်မှန်းချက်များကို ထိုးနှက်လာမည့် အခြားနိုင်ငံများ၏ရန်ကို ကာကွယ်ရန် လိုအပ်သည့် မူဝါဒဖြစ်ပေသည်" ဟူ၍ တွေ့ရပါသည်။

တကယ်တမ်းပြောရလျှင် "စစ်ပွဲ"ဟူသည် မလိုလားအပ်သော အနိဋ္ဌာရုံတရားပင်ဖြစ်သည်။ သို့သော် ကမ္ဘာ့စစ်ပါရဂူ၊ နိုင်ငံရေးသိပ္ပံပညာရှင်များကိုယ်တိုင်က "If you want peace, prepare for war" "ငြိမ်းချမ်းရေးကို လိုလားလျှင် စစ်ပွဲအတွက် ပြင်ဆင်ထားပါ"ဟု အဆိုရှိထားသည်။ မြန်မာနိုင်ငံအနေဖြင့် မည်သည့်အခြေအနေမျိုးတွင်မျှ ကျူးကျော်စစ်၊ မတရားသောစစ်ပွဲမျိုးကို ဆင်နွှဲမည်မဟုတ်။ သို့သော် မိမိ၏ ပိုင်နက်မြေ၊ အချုပ်အခြာအာဏာ လွတ်လပ်ရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးလျှင်ကား ဆတ်ဆတ်ထိခံမည် မဟုတ်ပေ။ မည်သို့သော ပေးဆပ်ရမှုများရှိသည့်တိုင် ကျူးကျော်စော်ကားရန်စလာသူအပေါ် အောင်ပွဲရသည်အထိ ယှဉ်ပြိုင်ရင်ဆိုင်သွားမည်သာ ဖြစ်သည်။ တစ်နည်းဆိုရလျှင် မိမိတို့၏ အမျိုးသားရေးမူဝါဒအတွက် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် အကိုက်ညီဆုံးသော စစ်အခြေခံသဘောတရားကို ချမှတ်ကျင့်သုံးသွားရမည် ဖြစ်ပေသည်။

မျိုးချစ်မြန်မာ့တပ်မတော်၏ စစ်အခြေခံသဘောတရားဟူသည်မှာ မိမိတို့ခံယူကျင့်သုံးထားသော နိုင်ငံရေးလမ်းစဉ် [ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်]နှင့် နိုင်ငံခြားရေးဝါဒ၊ စီးပွားရေးနှင့် စီမံခန့်ခွဲရေးစနစ်၊ သယံဇာတပစ္စည်းပိုင်ဆိုင်မှု၊ ရေမြေတောတောင်၊ ရာသီဥတု၊ နိုင်ငံသားတို့၏ ဇာတိမာန်နှင့် စိတ်ဓာတ်ရေးရာ၊ ယဉ်ကျေးမှုနှင့်တကွ နိုင်ငံတော်ကာကွယ်ရေး တည်ဆောက်မှု အနေအထားများကို ဘက်စုံထောင့်စုံက အဟာအလပ်မရှိ အချိုးကျဟန်ချက်ညီ လေ့လာသုံးသပ်ပြီး နိုင်ငံ၏ အခြေအနေများနှင့် အသင့်တော်ဆုံး၊ အကောင်းဆုံး ဖြစ်အောင် ခင်းကျင်းပြင်ဆင် စီမံမှုပင် ဖြစ်သည်။

အထက်ဖော်ပြပါ စစ်အခြေခံသဘောတရားသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပကတိစိတ်ပိုင်းဘဝနှင့် ရုပ်ပိုင်းဘဝအခြေအနေတို့နှင့် အံဝင်ခွင်ကျဖြစ်သည်ကို စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၇)ဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက–

> **"ဒို့လူမျိုးဟာ ရှည်လျားတဲ့ သမိုင်းကြောင်းရှိပြီး သမိုင်းတစ်လျှောက်လုံးမှာလဲ သတ္တိပြောင်ခဲ့တဲ့ လူမျိုးဖြစ်တယ်။ နယ်ချဲ့လိုတဲ့ ဗီဇစိတ်မရှိဘဲ သူ့ရဲကောင်းဝါဒအရ ဘုန်းလက်ရုံးအာဏာကို ပြသစည်းရုံးတတ်တဲ့ လူမျိုးဖြစ်တယ်။ စွမ်းရည်ထက်မြက်တဲ့ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားမင်းတို့ဟာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နဲ့ တတိယမြန်မာနိုင်ငံတို့ကို တည်ထောင်နိုင်ခဲ့ကြတယ်။ အဲဒီ မင်းမြတ်တွေဟာ သူတို့လက်ထက်အသီးသီးမှာ နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို တည်ဆောက်နိုင်ကြတာကြောင့် နိုင်ငံတော်ဟာ အင်အားတောင့်တင်းခဲ့တယ်။ သို့သော် ကာကွယ်ရေးစွမ်းအား နိမ့်ပါးသွားတဲ့အခါမှာတော့ ဒို့လူမျိုးတွေဟာ သူတစ်ပါးပြုသမျှ ခံခဲ့ရတယ်။ ဒါပေမယ့် သူကျွန်မခံဘဲ ဇာတိမာန်နဲ့ တပ်နဲ့ပြည်သူ တစည်းတလုံးတည်း လက်တွဲကာ ရဲရဲတောက် တော်လှန်ခဲ့တဲ့ အစဉ်အလာဟာလဲ သမိုင်းမှာ အထင်အရှားဖြစ်တယ်"**

ဟူ၍ မျက်မှောက်ခေတ် တပ်မတော်၏ အမွေခံပတ်ဝန်းကျင် စိတ်ဓာတ်ရေးရာနှင့် သမိုင်းစဉ်ဘဝကို ညွှန်ပြထားခဲ့သည်။

ရေးဆွဲအတည်ပြု ပြဋ္ဌာန်းလတ္တံ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် အခြေခံမူများ ချမှတ်ထားရာ၌လည်း စစ်ကိုလိုလားလက်ခံမှု မရှိသည့်သဘော၊ အားပေးသမှုလည်း မပြုသည့်သဘော အထင်အရှား တွေ့ရမည်။ မိမိတို့က စစ်ကိုလိုလားခြင်း မရှိသော်လည်း မျက်မှောက်ကမ္ဘာ့အခြေအနေက မိမိတို့အား စစ်ပွဲအတွက် အသင့်ပြင်ဆင်ထားရန် သတိပေးနေဘိသကဲ့သို့ မှတ်ယူရသည်။ ထို့ကြောင့် တိုင်းတစ်ပါးက ရန်စကျူးကျော်လာခဲ့သော် ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာဆိုသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေး အတွက် လိုအပ်ချက်များကို ခေတ်မီတပ်မတော် တည်ဆောက်ရေးနှင့် ဟန်ချက်ညီ ပြည်သူ့စစ်အယူအဆ အခင်းအကျင်းကိုပါ တစ်ချိန်တည်း ဖွဲ့စည်းပြင်ဆင် ထားရှိရလေသည်။

စစ်ပွဲဟူသည် တကယ်တမ်းပြောရလျှင် လူ၊ လက်နက်များနှင့် ကျွမ်းကျင်မှု၊ စိတ်ဓာတ်ရေးရာတို့ကို ပြိုင်ဆိုင်ကြသည့် သဘောတရား ဖြစ်သည်။ ရုပ်ပစ္စည်း၊ နည်းပညာ၏ သာလွန်မှုက စစ်ပွဲကို အဆုံးအဖြတ်ပေးသည်ဟူသော ကောက်ချက်သည် တက္ကိကဗေဒဆန်သော ကောက်ချက်ဖြစ်၍ အကြွင်းမဲ့ မမှန်ကန်ချေ။ အရင်းခံအားဖြင့် လူသားစွမ်းရည် အရင်းအမြစ်၊ အထူးသဖြင့် ဇာတိသွေး၊ ဇာတိမာန်ကသာ ပဓာနဆောင်သည်ဖြစ်ရာ ကမ္ဘာ့စစ်သမိုင်း၊ မြန်မာ့စစ်သမိုင်းတို့၏ အတွေ့အကြုံအရ ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအပေါင်းသည် အမျိုးသားရေးနှင့် ယှဉ်လာခဲ့သော် All to the Front အားလုံးရှေ့သို့၊ စစ်မြေပြင်သို့ဟူသော တစ်ခဲနက်သော ဇာတိသွေး၊ ဇာတိမာန် ဘာမထီ ဇာနည်စိတ်ထားတို့ဖြင့် အသက်ကို အလွယ်တကူ စွန့်လွှတ်ရဲကြသည်။ ဤအခြင်းအရာ ဖြစ်စဉ်ကပင်လျှင် ကျူးကျော်ရန်စလာသော ပြည်ပရန်ကျားစဥ်းလဲ မှန်သမျှ အကြောင်းရင်းခံမကောင်းဘဲ အလောင်းချင်းထပ်၍ ပြန်ပြေးကြရသည်ဟူသော သမိုင်းသက်သေ အထင်အရှားရှိသည်။ မျိုးချစ်စိတ်အရင်းခံ နိုင်ငံတော်ကာကွယ်ရေး စည်းရုံးဖွဲ့စည်းမှု၏ ယေဘုယျ လက္ခဏာကို ဆန်းစစ်လေ့လာလျှင် ကမ္ဘာတွင် မြန်မာက စံချိန်တင်နိုင်ပေသည်။ တစ်နည်းဆိုရလျှင် စစ်ရေးနှင့် စည်းရုံးရေးကို အပြန်အလှန် အထောက်အကူပြုသော တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာ တစ်သားတည်း တည်ရှိမှုက မြန်မာ့သမိုင်းကို ထွန်းပြောင်စေခဲ့သည်။ ဆက်လက်၍လည်း ထွန်းပြောင်နေမည်ဖြစ်ပေသတည်း။ ။

တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်

တရုတ်နိုင်ငံလုပ်ကားများအား တွေ့ရစဉ်။

အမေရိကန်အလုပ်သမား လေးပုံတစ်ပုံ အလုပ်ချိန်အတွင်း လုပ်ငန်းသစ်ရရှိရေး ရှာဖွေနေကြ

နယူးယောက် မတ် ၂၆

ကွန်ပျူတာအသုံးပြုသည့် အမေရိကန်အလုပ်သမား လေးပုံတစ်ပုံသည် လုပ်ငန်းသစ်ရှာရန်အတွက် အလုပ်ချိန်အတွင်း ကွန်ပျူတာများကို အသုံးပြုကြသည်ဟုဝန်ခံကြောင်း မတ်၂၂ရက်က ထုတ်ပြန်သော လေ့လာချက်တစ်ရပ်တွင် ဖော်ပြပါရှိသည်။

၎င်းတို့၏ အလုပ်ရှင်က ၎င်းတို့ အင်တာနက်အသုံးပြုသည်ကို စောင့်ကြည့်သည်ဟု ယုံကြည်ထားကြသော အလုပ်သမားများအနက် သုံးပုံတစ်ပုံသည် အလုပ်ရှာရန်အတွက် ၎င်းတို့၏လုပ်ငန်းသုံး ကွန်ပျူတာကို အသုံးပြုခဲ့ကြကြောင်း ဟတ်ဆန်ဟိုင်းလင်းကုမ္ပဏီ၏ သုတေသနပြုချက်တွင် ဖော်ပြပါရှိသည်။

စောင့်ကြည့်

လုပ်ငန်းသစ်ကိုရှာရန်အတွက် လုပ်ငန်းသုံး ကွန်ပျူတာကိုသုံးကာ ဝက်ဘ်ဆိုက်ကိုဖွင့်ကြသည့် အလုပ်သမား သုံးပုံတစ်ပုံသည် ၎င်းတို့အသုံးပြုသည်ကို မန်နေဂျာက သတိမမူမိဟု ထင်ကြကြောင်း လေ့လာချက်အရ သိရှိရသည်။ အလုပ်သမားတစ်ဝက်လောက်ကမူ ၎င်းတို့၏ကုမ္ပဏီသည် ၎င်းတို့ ကွန်ပျူတာသုံးသည်ကို စောင့်ကြည့်ကြသည်ဟု ပြောကြားပြီး လေးပုံတစ်ပုံကမူ ၎င်းတို့အနေဖြင့် အင်တာနက်မည်မျှသုံးသည်ကို ၎င်းတို့၏ပိုင်ရှင်ကသိရှိကြောင်း ပြောကြားသည်။

မန်နေဂျာများထဲတွင်လည်း ၂၄ရာခိုင်နှုန်းက အလုပ်သစ်ရှာရန်အတွက် လုပ်ငန်းသုံးကွန်ပျူတာကို အသုံးပြုကြပြီး ၂၃ ရာခိုင်နှုန်းကမူ မသုံးကြပေ၊ ၁ရာခိုင်နှုန်းကမူ ယင်းကဲ့သို့ ဆောင်ရွက်မှုမျိုးကို တစ်နေ့လျှင် နှစ်နာရီကျော် လုပ်ဆောင်ခဲ့ကြကြောင်း လေ့လာချက်တွင် ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ၏ ဆလွန်းကား ထုတ်လုပ်မှုနှင့် ရောင်းချမှုမြင့်တက်

ပေကျင်း မတ် ၂၆

တရုတ်နိုင်ငံ၏ ဆလွန်းကား ထုတ်လုပ်မှုသည် ယခုနှစ် ပထမနှစ်လအတွင်း လွန်ခဲ့သောနှစ် အလားတူကာလကထက် ၈၃ရာခိုင်နှုန်းမြင့်တက်လာကာ ကားစီးရေ ၆၀၄၇၀၀ ရှိကြောင်း အမျိုးသား စာရင်းအင်းဗျူရိုအဖွဲ့က မတ် ၂၄ရက်၌ ကြေညာသည်။

ဖော်ပြ

တရုတ်နိုင်ငံ၏ ဆလွန်းကားကုမ္ပဏီများ၏ဝင်ငွေသည် အဆိုပါကာလအတွင်း ၃၈ဒသမ၂ရာခိုင်နှုန်း ခုန်တက်လာပြီး ယခင်နှစ်ကထက် အမြတ်သုံးဆကျော်ပိုရခဲ့ကြောင်း အဆိုပါစာရင်းအင်းဗျူရိုကဖော်ပြသည်။

မူဝါဒချမှတ်

တရုတ်အစိုးရက ယင်းပထမနှစ်လအတွင်း မီးခိုးအထွက်နည်းသော ကားများထုတ်လုပ်ရန် မူဝါဒများချမှတ်ခဲ့ကြောင်း သိရသည်။

တိုးထုတ်လုပ်

ယင်းနှစ်လအတွင်း မီးခိုးအထွက်နည်းသောကားများကို အဓိက အားဖြင့် ရှန်ဒေါင်းနှင့် ဘွမ်စီပြည်နယ်တို့မှ ထုတ်လုပ်ခဲ့ကြောင်း၊ ယခင်နှစ်ကထက် နှစ်ဆတိုးထုတ်လုပ်ခဲ့ကြောင်း သိရသည်။

တိုးတက်

တရုတ်ဆလွန်းကားများထုတ်လုပ်မှုနှင့် ရောင်းချမှုမှာလျင်မြန်စွာတိုးတက်ခဲ့ကြောင်း ချယ်ရီကားထုတ်လုပ်ရေးကုမ္ပဏီက ပြောကြားသည်။ ယင်းကားထုတ်လုပ်ရေးကုမ္ပဏီသည် တရုတ်နိုင်ငံ၏ကားထုတ်လုပ်ရေး ထိပ်တန်းကုမ္ပဏီ၁၀ခုတွင် ဒုတိယအကြီးဆုံး ကားကုမ္ပဏီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အတ္တလန္တိတ် သမုဒ္ဒရာ စိန့်လောရင့် ပင်လယ်ကွေ့အတွင်း ရေခဲများအကြား ခက်ခဲစွာ ရွေ့လျားနေသော ငါးဖမ်း စက်လှေတစ်စင်းကို မတ် ၂၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ- အင်တာနက်)

အာဆီယံနိုင်ငံများမှ ကျောင်းသားများ တရုတ်နိုင်ငံတွင် လာရောက်ပညာသင်ကြားလျက်ရှိ

ကူမင်း မတ် ၂၆

တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ပိုင်းရှိ အသက်မွေးဝမ်းကျောင်းကောလိပ်တစ်ခု၌ လာအိုနိုင်ငံမှ လူငယ်အဖွဲ့တစ်ဖွဲ့သည် အရှေ့တောင်အာရှနိုင်ငံများတွင် ရေပန်းစားနေသော ဘောလုံးကစားခြင်းကို ပျော်ရွှင်စွာ ကစားနေကြကြောင်း ဆင်ဟွာက ဖော်ပြသည်။

ယင်းအသက်မွေးဝမ်းကျောင်းသည် လူငယ်များ တရုတ်နိုင်ငံသို့ ပိုမို လာရောက်စေရန် ဖြစ်သည်။ ဒေါင်းလင်းယန်း အမည်ရှိ လူငယ် တစ်ဦးသည် အသက် ၂၃နှစ်ရှိပြီး တရုတ်နိုင်ငံသို့ ရောက်ရှိနေသည်မှာ ခြောက်နှစ်ရှိပြီဖြစ်ကြောင်း၊ ၎င်းသည် ယူနန်တောင်ပိုင်း စစ်ဆောင်ဘန်နား အသက်မွေးဝမ်းကျောင်း၌ နိုင်ငံတကာ ကုန်သွယ်ရေး အဓိကဖြင့် ကျောင်းတက်နေသူဖြစ်သည်။

သင်ကြားနေ

ယန်းသည် စစ်ဆောင်ဘန်နား အသက် မွေးဝမ်းကျောင်း၌ ပညာသင်ကြားနေသော လာအိုကျောင်းသား ၁၀၃ဦးမှ တစ်ဦး ဖြစ်သည်။

နယ်နိမိတ်ထိစပ်

လာအိုနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တရုတ်တောင်ပိုင်း ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဗီယက်နမ်၊ လာအိုနှင့် မြန်မာတို့ နယ်နိမိတ်ချင်း ထိစပ်နေသော ဒေသတစ်ခုဖြစ်သည်။

စီစဉ်ဆောင်ရွက်

ယူနမ်နှင့် ကွမ်စီတို့သည် နယ်နိမိတ်ချင်း ထိစပ် နေသော အာဆီယံနိုင်ငံများဖြင့် ပညာရေးပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန် အလှန်ဖလှယ်ရေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်တောင်ပိုင်း၌မီးလောင်မှုဖြစ်ပွား အိမ်ခြေ ၁၅၀၀ မီးဘေးသင့်ခံရ

မနီလာ မတ် ၂၆

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်း၌ မတ် ၂၄ ရက်ညပိုင်းက မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၁၅၀၀ ပျက်စီးသွားကြောင်း၊ သို့ရာတွင် သေဆုံးခြင်းနှင့် ဒဏ်ရာရရှိမှု သတင်းများကို မသိရသေးကြောင်း တာဝန်ရှိသူများက မတ် ၂၄ရက်၌ ပြောကြားသည်။

ယင်းမီးမှာ ညနေ ၆နာရီခွဲမှ စတင်၍ ဖယောင်းတိုင်မီးမှတစ်ဆင့် လောင်ကျွမ်းခဲ့ရာ မီးမှာ ည၇နာရီ ကြာသည်အထိ လောင်ခဲ့ပြီးနောက် လူ ၅၀၀၀နီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ၎င်းတာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါမီးမှာ ဖော်ပြပါကျွန်းရှိ ဇမ်ဘိုယန်မြို့၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ယင်းကဲ့သို့ မီးလောင်မှု အိမ်ခြေများရခြင်းမှာ လမ်းများ ကျဉ်းမြောင်းမှုနှင့် ရေအလုံအလောက် မဖျန်းပေးနိုင်ခဲ့၍ မီးမှာ တစ်အိမ်မှ တစ်အိမ် လျင်မြန်စွာ ပျံ့နှံ့ခဲ့မှုကြောင့် ဖြစ်ကြောင်းအဆိုပါမြို့တော်ဝန်က ပြောကြားသည်။

၎င်းမီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးနစ်နာမှုမှာ အနီးအနားရှိ စီးပွား ရေးလုပ်ငန်းများ အပါအဝင် အမေရိကန်ဒေါ်လာတစ်သန်းတန်ဖိုးရှိမည်ဖြစ်ကြောင်း၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ မီးလောင်မှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

ကမ္ဘာ့ရေခဲပြင်လွှာများ အရည်ပျော်လာ ရေမျက်နှာပြင်များ ယခုထက်ပိုမိုမြင့်တက်လာနိုင်

လော့စ်အိန်ဂျလိစ် မတ် ၂၆

လာမည့်ရာစုနှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ မြင့်တက်လာမှုကြောင့် အာတိတ်ဒေသသည် နွေရာသီတွင် ၃ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ပူနွေးလာနိုင်ပြီး ရေမျက်နှာပြင်သည်လည်း ယနေ့ကာလထက် ခြောက်မီတာအထိ ပိုမိုမြင့်တက်လာနိုင်ကြောင်း မတ် ၂၃ ရက်က ထုတ်ပြန်သည့်လေ့လာချက်တစ်ရပ်တွင် ဖော်ပြပါရှိသည်။

၂၁၀၀ ပြည့်နှစ် အာတိတ်နွေရာ သီသည် ရေခဲခေတ်နှင့် အကြိုခေတ် ကာလအတွင်းဖြစ်သော လွန်ခဲ့သည့် နှစ်ပေါင်း ၁၃၀၀၀၀ကဲ့သို့ ပူနွေးလာမည်ဖြစ်ကြောင်း၊ ယင်းအချိန်တွင် ဂရင်းလန်းနှင့် အန္တာတိတ်ရေခဲပြင်လွှာ၏ သိသာသည့်အပိုင်းများသည်လည်း အရည်ပျော်ကျမည်ဖြစ်ကြောင်း အမေရိကန်အမျိုးသား ကမ္ဘာ့လေထုဆိုင်ရာ သုတေသန ဗဟိုဌာနနှင့် အရစ်ဇိုးနားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဖော်ပြ

အဆိုပါ တွေ့ရှိချက်ကို မတ် ၂၄ ရက်ထုတ် သိပ္ပံဂျာနယ်တွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

အစောပိုင်းလေ့လာချက်တွင် ဂရင်းလန်းရေခဲပြင်လွှာသည် လွန်ခဲ့သည့် ပူနွေးသော နှစ်ပေါင်း၁၃၀၀၀၀ ခေတ်ကာလကကဲ့သို့ ရေမျက်နှာပြင်မှာ နှစ်မီတာမှ သုံးမီတာလောက်အထိ မြင့်တက်နိုင်သည်ဟု ခန့်မှန်းခဲ့သော်လည်း အန္တာတိတ် ရေခဲပြင်လွှာသည်လည်း အရည်ပျော်ကာ ရေမျက်နှာပြင်မှာ နှစ်မီတာမှ သုံးမီတာအထိ မြင့်တက်လာနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။

မြင့်တက်

ရေခဲပြင်လွှာများသည် အရည်ပျော်လျက်ရှိနေပြီဖြစ်ကြောင်း၊ ရေခဲအရည်ပျော်မှုမှာ အရှိန်မြင့်လာသည့်အတွက် ရေမျက်နှာပြင်အမြင့်မှာ တစ်ရာစုတိုင်း တစ်မီတာအထိ မြင့်တက်လျက်ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

လာမည့် ဆယ်စုနှစ်အတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ကို စတင်လျှော့ချရန် အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း၊ အချိန်မီ တစ်စုံတစ်ရာ မဆောင်ရွက်ပါက အနာဂတ်တွင် ရေမျက်နှာပြင်သည် လေးမီတာမှ ခြောက်မီတာအထိ မြင့်တက်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အက်အင်အေ၊ဆင်ဟွာ

ရေခဲလွှာများ အရည်ပျော်ပြတ်ရွေ့နေစဉ်။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒေါ်လာသန်း ၄၀တန် ပန်းချီကား

ဒေါ်လာသန်း ၄၀ တန် ပန်းချီကား တစ်ချပ်ကို ပြသထားစဉ်။

အဆိုပါ ပန်းချီကားကို ကမ္ဘာကျော် ပန်းချီဆရာ ဗင်းဆင့်ဗင်ဂိုးက ရေးဆွဲခဲ့ခြင်းဖြစ်ပြီး လန်ဒန်မြို့၌ ပြသထားသည်။ ၎င်းပန်းချီကားကို လေလံတင် ရောင်းချမည်ဖြစ်ရာ အမေရိကန်ဒေါ်လာသန်း ၄၀ခန့် ရရှိမည်ဟု ခန့်မှန်းထားသည်။

(အင်တာနက်)

ကလေးမွေးဖွားသည့် ကမ္ဘာ့ အသက်အကြီးဆုံးအမျိုးသမီး

မွေးဖွားလိုက်သည့် ကလေးငယ်နှင့်အတူ ကမ္ဘာ့အသက်အကြီးဆုံး ကလေးမိခင်ဖြစ်သူအား တွေ့ရစဉ်။

ရိုမေးနီးယားနိုင်ငံသူ အသက် (၆၇) နှစ်အရွယ်ရှိ အက်ဒရီရာနာအီလီစကူသည် လွန်ခဲ့သည့်ခြောက်လက သမီးငယ်လေးတစ်ဦးကို မွေးဖွားခဲ့ရာ ဂင်းနက်စ်မှတ်တမ်းပြုစုရေးအဖွဲ့က ၎င်းအား ကလေးမွေးဖွားသည့် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီး တစ်ဦးအဖြစ် မတ် ၂၁ ရက်က ဂင်းနက်စ်မှတ်တမ်းတင်ခဲ့ကြသည်။

(အင်တာနက်)

တောရိုင်းတိရစ္ဆာန်များ မှောင်ခိုရောင်းဝယ်မှု ကမ္ဘာတစ်ဝန်းက ဟန့်တားရန် ကုလသမဂ္ဂတိုက်တွန်း

အိုစလို မတ် ၂၆

တောရိုင်းတိရစ္ဆာန် မှောင်ခိုရောင်းဝယ်မှုများနှင့် တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်စေမည့် ပြစ်မှုများအား ကမ္ဘာတစ်ဝန်းက ဟန့်တားကာကွယ်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအရာရှိတစ်ဦးက မတ် ၂၄ ရက်တွင် ပြောကြားသည်။

ပြောကြား

မူးယစ်ဆေးဝါးများ၊ လူများ၊ လက်နက်များအား မှောင်ခိုမှုကို တိုက်ဖျက်မှုအောင်မြင်ရေးမှာ အချိန်ကြာမြင့်စွာ ဆောင်ရွက်ရမည်ဖြစ်သည်။ တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ပြစ်မှုများအား မတားဆီးဘဲနေခဲ့လျှင် နောက်ပိုင်းတွင် မထိန်းသိမ်းနိုင်သည်အထိ ဖြစ်သွားမည်ဖြစ်ကြောင်း မျိုးသုဉ်းပျောက်ကွယ်နိုင်သည့်မျိုးစိတ်များ ကုန်သွယ်မှုဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီမှု ပြဋ္ဌာန်းရေး အဆင့်မြင့်အရာရှိ ဂျွန်ဆဲလ်လာက ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

၂၀၁၀ပြည့်နှစ်တွင် တိရစ္ဆာန်မျိုးစိတ်များ ဆုံးရှုံးမှုမရှိရေးအတွက် ၂၀၀၂ခုနှစ်ကို ကုလသမဂ္ဂက ပန်းတိုင်အဖြစ် သတ်မှတ်ထားချက်အရ ကမ္ဘာ့ဇီဝဆိုင်ရာ အမျိုးအစားများအား ကာကွယ်ရာတွင် မည်သို့ဆောင်ရွက်ရမည်ကို ဆွေးနွေးရန် ကမ္ဘာ့နိုင်ငံအစိုးရများသည် ဘရာဇီးလ်နိုင်ငံ ကာရီတီဘာ၌ မတ် ၂၀ ရက်မှ ၃၁ ရက်အထိ တွေ့ဆုံဆွေးနွေးကြမည် ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်လယ်သမားများအား ဆေးဝါးများ အခမဲ့ပေးမည်

ပေကျင်း မတ် ၂၆

တရုတ်အစိုးရက လယ်သမားများအား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးများ၊ ခြေထောက်–ပါးစပ်ထိုးဆေးများကို အခမဲ့ပေးသွားမည်ဖြစ်ကြောင်း မတ် ၂၄ရက်က ဖားမားဒေးလီးသတင်းစာတွင် ဖော်ပြသည်။

တရုတ် ဘဏ္ဍာရေးဝန်ကြီးဌာနက ဗဟိုဘဏ္ဍာရေးဘတ်ဂျက်မှ ယွမ်သန်း ၈၀၀(အမေရိကန်ဒေါ်လာသန်း ၁၀၀ခန့်)နှင့် ဒေသဆိုင်ရာအစိုးရမှ ယွမ်သန်း ၉၀၀ကို ယင်းထိုးဆေးများခွဲဝေပေးရန် ထောက်ပံ့ပေးရေးအတွက် ဆုံးဖြတ်ချက်ချလိုက်သည်။

လယ်သမားများသည် အဆိုပါ ထိုးဆေးများကို အခမဲ့ရယူနိုင်မည်ဖြစ်ကြောင်း တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကြက်ငှက်တုပ်ကွေးရောဂါကြောင့် အမျိုးသမီးတစ်ဦး တရုတ်နိုင်ငံ၌ ၁၁ဦးမြောက်အဖြစ် သေဆုံးခဲ့

ပေကျင်း မတ် ၂၆

တရုတ်နိုင်ငံ၌ အသက် (၂၉)နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1ဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့ရာ သူမသည် တရုတ်နိုင်ငံ၏ ၁၁ဦးမြောက် ယင်းရောဂါဖြင့် သေဆုံးသူဖြစ်လာကြောင်း နိုင်ငံပိုင်မီဒီယာက မတ် ၂၄ရက်၌ ပြောကြားသည်။

ယင်းအမျိုးသမီးသည် မတ် ၂၁ ရက်က အဆိုပါရောဂါဖြင့် ရှန်ဟိုင်းမြို့၌ ကွယ်လွန်သွားခြင်း ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ယင်းဖြစ်ရပ်မျိုး ရောဂါဖြစ်ပွားမှုမှာ ရှန်ဟိုင်း၌ ပထမဆုံးအကြိမ်ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ရှန်ဟိုင်းတွင် ကြက်ငှက်တုပ်ကွေးရောဂါများစစ်ဆေးရန် ဆေးခန်း ၁၆၀ ဖွင့်လှစ်ထားကြောင်း ဖြင့်လည်း ၎င်းသတင်းဌာနက ဖော်ပြသည်။

လက်ကမ်းကြော်ငြာ

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရန်အတွက် ဆောင်ရန်၊ ရှောင်ရန် အစီအမံများကိုလည်း လက်ကမ်းကြော်ငြာများဖြင့် ဖြန့်ဝေ အသိပေးလျက်ရှိကြောင်း သိရသည်။ ယင်းအမျိုးသမီးသည် အဆိုပါ ကူးစက်ခံရစဉ် လမ်းညွှန်ချက်များ အတိုင်း မည်သို့ လုပ်ဆောင်ရမည်ကို မသိဘဲဖြစ်ခဲ့ရသည်ဟုဆိုသည်။

၂၀၀၃ခုနှစ် နှောင်းပိုင်းမှစပြီး အဆိုပါရောဂါဖြစ်ပွားမှုကြောင့် ကြက်ငှက် မြောက်မြားစွာ ဖျက်ဆီးပစ်ခဲ့ပြီး လူ၁၀၃ဦး သေဆုံးသွားပြီ ဖြစ်သည်။ အများစုမှာ အာရှမှဖြစ်သည်။ မကြာသေးမီက အာဖရိကနှင့် ဥရောပတို့တွင်လည်း ဖြစ်ပွားခဲ့သည်။

သိပ္ပံပညာရှင်များက လူလူချင်း ကူးစက်လာကာ ကမ္ဘာ့ကပ်ရောဂါဖြစ်လာမည်ကို စိုးရိမ်ကြောက်လန့်နေကြသည်။ **(အင်တာနက်)**

ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးခဲ့သူတစ်ဦး၏ ဓာတ်မှန်ကိုစစ်ဆေးနေစဉ်။

ကမ္ဘောဒီးယား မိန်းကလေးငယ် ကြက်ငှက်တုပ်ကွေးရောဂါဖြင့်သေဆုံး

ဖနောင်ပင် မတ် ၂၆

အသက်သုံးနှစ်အရွယ် မိန်းကလေးငယ်တစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးခဲ့ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက မတ် ၂၄ ရက်၌ အတည်ပြုပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပူးတွဲအစီရင်ခံစာတွင် မြို့တော်ဖနောင်ပင်၏ ၄၅ ကီလိုမီတာအကွာရှိ ကမ်ပေါင်စပီးပြည်နယ်မှ မိန်းကလေးတစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခဲ့ပြီး အင်္ဂါနေ့က သေဆုံးခဲ့သည်ဟု ဖော်ပြထားသည်။

၂၀၀၆ ခုနှစ်တွင် ကြက်ငှက်တုပ်ကွေးကြောင့် သေဆုံးမှုတွင် ယင်းမိန်းကလေးသည် ပထမဆုံးဖြစ်ခဲ့ပြီး ကမ္ဘောဒီးယားတွင် ယင်းရောဂါဖြင့် သေဆုံးသူ ငါးဦးရှိသွားပြီ ဖြစ်သည်။ လေးဦးသည် ၂၀၀၅ ခုနှစ်က သေဆုံးခဲ့ကြောင်း အစီရင်ခံတင်ပြခဲ့သည်။

မတ် ၁၄ ရက်တွင် ထိုကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရသော မိန်းကလေးသည် ကိုယ်ပူရှိန်ကြောင့် ဖျားနာလာသည်။ ဖနောင်ပင်မြို့ရှိ ဆေးရုံသို့ ရောက်ရှိချိန် မတ်၂၀ ရက်၌ အခြေအနေသည် ချက်ချင်းဆိုးရွားလာခဲ့ပြီး မတ်၂၁ ရက်တွင် ဆေးရုံ၌သေဆုံးသွားခဲ့ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

စူးရှသောအတွေး ထိမိသောစုတ်ချက်များဖြင့် ခြယ်မှုန်းထားသည့် ပန်းချီပညာရှင်လူငယ်များ၏ သက်တန့်ရောင်စဉ်များပန်းချီပြပွဲ

မြန်မာ့အလင်းအနုပညာမြင်ကွင်း

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၆

အနုပညာနယ်ပယ်၌ လူငယ်မျိုးဆက်သစ်များ အရှိန်အဟုန်ဖြင့် နေရာယူလာလျက်ရှိရာ မြန်မာ့ ယဉ်ကျေးမှု အနုပညာများလည်း အသွင်သစ်၊ အမြင်သစ်များ ထုံလွှမ်းကာ ဖွံ့ဖြိုးတိုးတက်စပြုနေပေပြီ။

ကိုးရက်ကြာ

လူငယ်ပန်းချီပညာရှင် အများစု ပါဝင် ပြသထားသည့် **"သက်တန့်ရောင်စဉ်များပန်းချီပြပွဲ"** ကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ ပန်းချီပြခန်း၌ မတ် ၂၃ ရက်မှ ဧပြီ ၁ ရက်အထိ ကိုးရက်ကြာ ပြသထားရာသို့ မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိလေ့လာခဲ့သည်။

လက်ရာမြောက်

မြောက်ဥက္ကလာမြို့နယ်မှ ပန်းချီပညာရှင်အမျိုးသား ၂၇ ဦးနှင့် အမျိုးသမီး ငါးဦးတို့၏ ပြောင်မြောက်သော လက်ရာပန်းချီကား၉၃ကားကို ပြသထားရာ အတွေးအခေါ် စူးရှပြီး ထက်မြက်သွက်လက်သည့် စုတ်ချက်များဖြင့် ခြယ်မှုန်းထားသည့် လက်ရာမြောက် ပန်းချီကားများကို တွေ့ရသည်။

မြန်မာ့အလှ

ခင်းကျင်းပြသထားသည့် ပန်းချီကားများအနက် ဆရာသပြေမြင့်သိန်း၏ **"မြန်မာ့အလှ"** အမည်ရှိ ပန်းချီကားမှာ ဆွဲဆောင်မှု အားကောင်းလှသည်။ အရောင်၊ စုတ်ချက်နှင့် အယူအဆကောင်းကောင်းဖြင့် ရေးဆွဲထားသဖြင့် အလှပြင်နေသော မြန်မာအမျိုးသမီးငယ်နှစ်ဦး သွင်ပြင်သည် ရုပ်လုံးကြွလျက် ရှိသည်။

ပန်းချီကားရေးဆွဲသူ သပြေမြင့်သိန်းက "မြန်မာအမျိုးသမီးများငယ်စဉ်ကပင် အလှအပပြင်ဆင်တတ်သည့် အလေ့အထအဖြစ် သနပ်ခါးလိမ်းနေကြပုံကို ဖော်ညွှန်းရေးဆွဲထားခြင်းဖြစ်ကြောင်း၊ သဘာဝ ပန်းချီရေးဟန်အတိုင်း ရေးဆွဲထားခြင်း ဖြစ်ပြီး အရောင်စုံအသုံးပြုထားကြောင်း၊ ဒီကားကို ၂၀၀၅ ခုနှစ် အာဆီယံ-ဂျပန် မြန်မာချစ်ကြည်ရေးပန်းချီပြပွဲ၌ ပြသခဲ့ဖူးသည့် ပန်းချီကားတစ်ချပ်ဖြစ်ကြောင်း"မြန်မာ့အလင်းသို့ ရှင်းပြသည်။ ချစ်စဖွယ် မြန်မာအမျိုးသမီးငယ်လေးနှစ်ဦး၏ သဘာဝကျသော ဟန်ပန်ကို အမိအရယူပြီး ပန်းချီပညာဖြင့်ရေးဆွဲထားသည့် ရသမြောက် ပန်းချီကားတစ်ချပ် ဖြစ်သည်။

မြန်မာ့ အလှ

သပြေမြင့်သိန်း၏ "မြန်မာ့အလှ" ပန်းချီကား၌ မြန်မာအမျိုးသမီးငယ်နှစ်ဦး၏ သနပ်ခါးလိမ်းကာ အလှပြင်နေပုံမှာ ချစ်စဖွယ်ကောင်းလှသည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

"မြန်မာ့အလှသံစဉ်" ဟုအမည်ပေးထားသည့် စုတ်ချက်ရဲရဲ အရောင်ရင့်ရင့်ဖြင့် ရေးဆွဲထားသည့် ဆန်းအောင်၏ ပန်းချီကားကလည်း ပန်းချီအတတ်ပညာဖြင့် အာရုံကို ဖမ်းစားထားရာ ဆရာဆန်းအောင်က သူ့ပန်းချီကားနှင့် ပတ်သက်၍ "မြန်မာနိုင်ငံတွင် နာမည်ကျော်ကြားလှသည့် ပုသိမ်ထီးကို ယနေ့ခေတ်အမျိုးသမီးများ အသုံးပြုမှု နည်းပါးလာသဖြင့် ခေတ်သစ် ပန်းချီနည်းပညာဖြင့် ဖော်ကျူးရေးဆွဲထားခြင်းဖြစ်ကြောင်း၊ အဓိက အရောင်သုံးမျိုးကိုသုံးထားပြီး သီတင်းတစ်ပတ်ကျော်ရေးဆွဲခဲ့ရသည့် ပန်းချီကားဖြစ်ကြောင်း" ပြောကြားသည်။ ပုသိမ်ထီးများကို ဆေးခြယ်နေသည့်ပုံမှာ အရောင်၊ စုတ်ချက်နှင့် တင်ပြပုံတို့က ထိထိမိမိရှိလှသည်။

အမျိုးသမီးပန်းချီဆရာများ

သက်တန့်ရောင်စဉ်များပန်းချီပြပွဲ၌ ထူးခြားသည်ကား ပန်းချီပညာရှင် အမျိုးသမီးငယ်များ ပါဝင်လာခြင်းဖြစ်သည်။ အသက်၂၄နှစ်အရွယ်

မြင့်မောင်ကြီး၏ "ရွှေတိဂုံရင်ပြင်" ပန်းချီကားမှာလည်း မြန်မာတို့၏ ကုသိုလ်ပွားများ ဘုရားဖူးမြော်မှုကို ဖော်ကျူးနိုင်သည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပန်းချီပညာရှင်ဖြူဖြူမော်၏ **"ဘုရားနှင့် သစ်ပင်"** အမည်ပေးထားသော ပန်းချီကားမှာ ကြည့်လိုက်သည်နှင့် တရားသဘောကို ထင်ထင်လင်းလင်း ပြက်ပြက်ထင်ထင် သိမြင်ရကာ စိတ်အာရုံကို ညွှတ်ပြောင်းသွားစေမည် ဖြစ်သည်။

မန္တလေးတောင်တက်စဉ်

ဖြူဖြူမော်က "မန္တလေးတောင်တက်စဉ် အနီးတစ်ဝိုက်မှာရှိတဲ့ မြင်ကွင်းကို သဘာဝအတိုင်းရေးဆွဲထားတာဖြစ်ပြီး လောကခံကြောင့် ရိုးတံပြိုင်းပြိုင်းဖြစ်နေတဲ့ သစ်ပင်နဲ့ ကြည်ညိုသပ္ပာယ်စရာကောင်းတဲ့ စေတီတစ်ဆူကို ယှဉ်တွဲဖော်ပြထားတာမို့ ဘာသာတရားကို ပိုပြီးဆင်ခြင်သတိကပ်စေရန်ရည်ရွယ်ထားပါတယ်" ဟု မြန်မာ့အလင်းသို့ပြောကြားသည်။ အသက်ငယ်ရွယ်သော်လည်း အတွေးအခေါ်မြင့်မြင့်၊ ပိုင်ပိုင်နိုင်နိုင်ရေးဆွဲထားသဖြင့် ဦးတည်ချက်ကောင်းသော ပန်းချီကားတစ်ချပ်ဖြစ်၏။

"သစ်ခွပန်းအလှ" အမည်ရှိ ပန်းချီကားမှာလည်း ရုပ်လုံးကြွလျက်ရှိကာ အလင်းအမှောင်မှန်ကန်စွာသုံးထားမှု၊ အရောင်များ လိုက်လျောညီထွေရှိမှုတို့ကြောင့် စူးစူးနစ်နစ် ငေးမောရသည့် ပန်းချီကားတစ်ချပ် ဖြစ်သည်။ ၎င်းပန်းချီကားရေးဆွဲသူ တင်တင်ခိုင်မှာ အသက်၂၆နှစ်သာရှိပြီး ပန်းချီပြပွဲပေါင်း ငါးကြိမ်ခန့်ပြသခဲ့ဖူးသူဖြစ်သည်။ "ဆီဆေးဖြင့်ရေးဆွဲထားခြင်းဖြစ်ပြီး အဝါ၊ အစိမ်း၊ အနီစသည့် အခြေခံအရောင်များကို အားပြုကာ အခြားအရောင်များ လိုက်ဖက်အောင် ထည့်သွင်းအသုံးပြုထားခြင်းဖြစ်ကြောင်း၊ အနုစိတ်ရေးဆွဲထားပြီး မိမိကြိုက်နှစ်သက်သည့်အရာကို အများပြည်သူတို့ ကြိုက်နှစ်သက်စေရန် အချိန်သီတင်းတစ်ပတ်ခန့်ရေးဆွဲခဲ့ရခြင်းဖြစ်ကြောင်း" ပြောကြားသည်။ တကယ့်သစ်ခွပန်းတစ်ပွင့်အလား ကိုင်ကြည့်ရသည်အထိ သရုပ်ဖော်မှုအားကောင်းလှသည်။

ပုဂံအငွေ့အသက်များ

ပုဂံအငွေ့အသက်များပါရှိသည့် **"နံရံပေါ်မှကောက်ကြောင်းများ"** အမည်ရှိ ပန်းချီကားမှာ နေအောင်ရှူး၏ လက်ရာပင်ဖြစ်သည်။ Acrylic ဆေးဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး အပူ အအေးသဘောဖြင့် ဖွဲ့စည်းခြယ်မှုန်းထားသည်။ ပုဂံခေတ် နံရံပန်းချီများကို အမြင်သစ်ဖြင့် ဖော်ကျူးထားခြင်းဖြစ်ရာ ထင်သာမြင်သာရှိလှသည်။

ရှေးခေတ်လက်ရာ

ပန်းချီကားနှင့် ပတ်သက်ပြီး နေအောင်ရှူးက "ရှေးခေတ်ယဉ်ကျေးမှု အနုပညာလက်ရာကို ဖော်ထုတ်ရာ၌ ခေတ်အမြင်နဲ့ တင်ပြထားခြင်းဖြစ်ပြီး ထိန်းသိမ်းမှုမပြုပါက တဖြည်းဖြည်း ပျက်စီးသွားနိုင်သော ရှေးခေတ်လက်ရာများကို သတိပြုမိစေရန်ဖြစ်ကြောင်း" ပြောကြားသည်။ ရှေးခေတ်လက်ရာနှင့် ယခုခေတ်ပန်းချီလက်ရာ အကြား ရွှေရောင်လိုင်းထားပြီး ရိုးရာကောက်ကြောင်းလိုင်းများထည့်သွင်းထားသည်မှာ စိတ်ကူးကောင်းလှသည်။

ထို့ပြင် အောင်သူရ၏ **"အပြုံးမျက်ရည်"**၊ မြင့်မောင်ကြီး၏ **"ရွှေတိဂုံရင်ပြင်"** မစန်းဌေး၏ **"ကြာ"**၊ မမြမြလွင်၏ **"ပန်း"**၊ ကျော်စန်းသွင်၏ **"သီလရှင်ကလေး"**၊ လှမြင့်ဦး၏ **"မြန်မာဆီမီးခွက်အက"** ပန်းချီကားတို့မှာလည်း စိတ်အာရုံကို ညှို့ယူဖမ်းစားထားနိုင်သည့် ဆန်းသစ်သော လက်ရာများ ပင်ဖြစ်ကြသည်။

မြောက်ဥက္ကလာပမြို့နယ်မှ မြန်မာ့ပန်းချီပညာရှင် လူငယ်လေးများ၏ ထက်မြက်စူးရှသော အတွေးအခေါ် ထိမိသော စုတ်ချက်၊ မှန်ကန်သော အရောင်ရွေးချယ်မှုများဖြင့် ထုံလွှမ်းသော သက်တန့်ရောင်စဉ်ပန်းချီပြပွဲ ဖြစ်ပါကြောင်း လေ့လာခံစားဖော်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

အင်္ဂါဂြိုဟ်မှဓာတ်ပုံများ ပထမဆုံးအကြိမ်အဖြစ် အာကာသယာဉ်မှ နာဆာအဖွဲ့သို့ ပြန်ပို့ခဲ့

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် (အမ်အာအို)မှ ပထမဆုံးပေးပို့လိုက်သည့် ဂြိုဟ်နီကြီးခေါ် အင်္ဂါဂြိုဟ်၏ မျက်နှာပြင် ဓာတ်ပုံများကို နာဆာအဖွဲ့က လေ့လာနေပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် မတ်၂၅ရက်က ဖော်ပြသည်။

မြေပုံရေးဆွဲ

အဆိုပါ အာကာသယာဉ်သည် လွန်ခဲ့သောနှစ်ပတ်က အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်သို့ အသေးစိတ် မြေပုံရေးဆွဲရန်လေ့လာရေးရောက်ရှိခဲ့သည်။



အမေရိကန်အာကာသအေဂျင်စီ (နာဆာ)က မတ်၂၄ရက်၌ အင်္ဂါဂြိုဟ်၏ အလယ် လတ္တီကျူတောင်ပိုင်း ကုန်းမြင့်များကိုရိုက်ကူးထားသည့် ဓာတ်ပုံများကို ထုတ်ဖော်ပြသခဲ့သည်။

ယင်းအာကာသယာဉ်သည် အဆိုပါ ဂြိုဟ်ပေါ်တွင်လှည့်လည်၍ အချက်အလက်များကို ကောက်ယူစုဆောင်းလျက်ရှိသည်။ အာကာသယာဉ်တွင် အဖြူအမည်းဓာတ်ပုံများရိုက်ကူးနိုင်သည့် ကင်မရာသုံးလုံးတပ်ဆင်ထားသည်။

တဖြည်းဖြည်းနိမ့်ဆင်း

ယခုရိုက်ကူးပေးပို့လိုက်သော ဓာတ်ပုံများကို အင်္ဂါဂြိုဟ်၏အထက် မိုင် ၁၅၅၀အကွာအဝေးမှ အာကာသယာဉ်ကပျံသန်းပြီး ရိုက်ကူးထားခြင်းဖြစ်သည်။ ၎င်းအာကာသယာဉ်သည် မိုင်ပေါင်း၁၅၈မိုင်အထိ ရောက်သည့်တိုင်အောင် တဖြည်းဖြည်းနိမ့်ဆင်းသွားပြီး အင်္ဂါဂြိုဟ်နှင့်နီးကပ်သွားမည်ဖြစ်ကြောင်း နာဆာအဖွဲ့က ပြောကြားသည်။

(ကိုးကားချက်-အင်တာနက်)

အဝလွန်သူများကိုယ်အလေးချိန် လျှော့ပေးနေပြီ

တရုတ်နိုင်ငံတွင် ကိုယ်အလေးချိန် အဆမတန်တိုးမြင့်နေသူများ အရေအတွက် များပြားလာလျက်ရှိရာ ယခုအခါ သန်း ၂၀၀ ခန့်မှာ အဝလွန်သူများဖြစ်နေကြောင်း တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အစီရင်ခံစာတစ်စောင်၌ ဖော်ပြလိုက်သည်။

ယခုအခါ တရုတ်နိုင်ငံ နန်နင်းမြို့တွင် အဝလွန်သူများ ကိုယ်အလေးချိန်လျှော့ချရေးသင်တန်းကျောင်း ဖွင့်လှစ်ထားပြီဖြစ်ရာ တရုတ်နိုင်ငံ မြို့ကြီးများဖြစ်သော ပေကျင်း၊ ရှန်ဟိုင်း စသည့် မြို့ကြီးများမှ အဝလွန်သူရာပေါင်းများစွာရောက်ရှိကာ ကိုယ်အလေးချိန်လျှော့ချရေး ပြုလုပ်နေကြပြီဖြစ်သည်။

မဖြစ်မနေ

ကိုယ်အလေးချိန်လျှော့ချရာတွင် တစ်ဦးချင်းလေ့ကျင့်ခန်းများ ပြင်းပြင်းထန်ထန်ပြုလုပ်ခြင်း၊ အစားအသောက် စနစ်တကျ စားသောက်ခြင်း၊ ပုံမှန်နေ့စဉ် လမ်းလျှောက်ခြင်းများကို တစ်ဦးချင်းရော အဖွဲ့လိုက်ပါ မဖြစ်မနေ လုပ်ဆောင်ကြရသည်။

ကိုယ်အလေးချိန်များပြားမှုကြောင့် ဆက်စပ်ဖြစ်ပွားသော ရောဂါများကို ကုသရာတွင် ဆေးဝါးကုသမှုအပြင် လေ့ကျင့်ခန်းများ ပုံမှန်မပြတ်ပြုလုပ်ခြင်းတို့လည်း အရေးကြီးကြောင်း ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက သတိပေးထားသည်။

အသိပေးပြောကြား

ကိုယ်အလေးချိန်လျှော့ချရာ၌ အသိရှိရန်နှင့် မလုံလောက်ကြောင်း၊ မိမိတို့ကိုယ်တိုင် စနစ်တကျ လိုက်နာဆောင်ရွက်ရန် အရေးကြီးကြောင်း အဆိုပါ သင်တန်းကျောင်း၌ အမြဲမပြတ်အသိပေးပြောကြားကြောင်းသိရသည်။ **(ကိုးကားချက်-အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ပိန်းဇလုပ်-ရွာမ-ကညင်ကျိုး ကျောက်ချောလမ်းဖွင့်

ရန်ကုန် မတ် ၂၆

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မတ် ၂၃ ရက်က ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာနှင့် ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာသို့ ဆက်သွယ်ထားသည့် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် တက်ရောက်အားပေးသည်။ (အပေါ်ပုံ)

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ရွာမကျေးရွာအနီး မုခ်ဦးတွင် ပိန်းဇလုပ်-ကညင်ကျိုး ကျေးလက်ကျောက်ချောလမ်း အပိုင်း(၁)နှင့် တံတားဖွင့်ပွဲကျင်းပရာ ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုက လမ်းနှင့် တံတားဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြပြီး ကျေးလက်နေပြည်သူများကိုယ်စား ဦးစောလင်းအောင်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးတို့က လမ်းနှင့်တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ညွှန်ကြားရေးမှူးချုပ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာအနီး မုခ်ဦးတွင် ပိန်းဇလုပ်-ကညင်ကျိုး ကျေးလက် ကျောက်ချောလမ်း အပိုင်း(၂)နှင့် တံတားဖွင့်ပွဲကိုကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းနှင့် တံတားဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြပြီး ကျေးလက်နေပြည်သူများကိုယ်စား ဦးဝင်းကြိုင်က ကျေးဇူးတင်စကား ပြောကြားသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးတို့က လမ်းနှင့် တံတားတို့အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ညွှန်ကြားရေးမှူးချုပ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

လွယ်လင့်တကူ

ပိန်းဇလုပ်-ရွာမ- ကညင်ကျိုး လမ်းသည် စုစုပေါင်းအရှည် ၄ မိုင်နှင့် တံတား ၁၁ စင်းတည်ရှိပြီး ၂၀၀၁ ခုနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၈၉ ဒသမ ၇၈ သိန်း၊ နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၂၄၉ ဒသမ ၅ သိန်း စုစုပေါင်းငွေကျပ် ၅၃၉ ဒသမ ၂၈ သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကညင်ကျိုးကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ကျေးလက်နေ ပြည်သူများ ရာသီမရွေး ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်များသို့ လွယ်လင့်တကူ ဆက်သွယ် သွားလာနိုင်မည် ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓဘာသာအခြေခံသင်တန်းဖွင့်

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် ၂၂၂ ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်က ကျင်းပသော ဗုဒ္ဓဘာသာ အခြေခံသင်တန်းကို မတ် ၂၉ ရက်မှ ဧပြီ ၁၁ ရက်အထိ နံနက် ၈ နာရီခွဲမှ ၁၀ နာရီခွဲအထိ သင်ကြားပို့ချမည် ဖြစ်သည်။ သင်တန်းသို့ တက်ရောက်လိုသူများသည် စတုတ္ထတန်းမှ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ မည်သူမဆိုတက်ရောက်နိုင်ပြီး ရုံးချိန်အတွင်း ဖုန်း-၅၄၁၉၄၃ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(၄၂၀)**

အလင်းရောင်မဟာစည်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၂၆

(၁၇)ကြိမ်မြောက် အလင်းရောင်မဟာစည်သာသနာ့ရိပ်သာ၏ ၁၀ ရက်တရားစခန်းပွဲကို ဧပြီ ၇ ရက်မှ ၁၇ ရက်အထိ အလင်းရောင်မဟာစည်သာသနာ့ရိပ်သာ ခတ္တာလမ်း (၁)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့၌ ပြုလုပ်မည်ဖြစ်သည်။ တရားအားထုတ်လိုသူများနှင့် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်လိုသူများအတွက် သက်န်းပရိက္ခရာအစုံကို ဈေးနှုန်းချိုသာစွာဖြင့် ပြည့်စုံအောင် စီစဉ်ပေးမည်ဖြစ်သည်။ အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အဖျော်ရည်တို့ လှူဒါန်းလိုသူများသည် အဆိုပါရိပ်သာရှိ ဖုန်း-၆၆၅၃၀၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မိုးကောင်းစေတီတော်ဂေါပကအဖွဲ့သို့ အလှူငွေများလှူဒါန်း

ရန်ကုန် မတ် ၂၆

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်တွင် တည်ဆောက်လျက်ရှိသော ဗုဒ္ဓဝင်ပြခန်း ၁၄ ခန်းအတွက် ကွယ်လွန်သူ ဦးလှသောင်းအားရည်စူး၍ အမှတ် ၄ မဂ္ဂင်လမ်း (၁၄)ရပ်ကွက် ရန်ကင်းမှ အလှူတော်ငွေကျပ် ၆၅၀၀၀၊ နှစ်ဖက်မိဘများအား အမျှထား၍ ဦးကျော်စိန်လှ-ဒေါ်ခင်ခင်အောင် မိသားစုကောင်းမှု၊ ရွှေသာလမ်း အိုးတန်းရပ်ကွက် စစ်တွေမြို့မှ အလှူတော်ငွေကျပ် ၁၁၀၀၀၀၊ နှစ်ဖက်မိဘများကိုအမျှထား၍ ဦးခင်မောင်ဆွေ-ဒေါ်ခင်ခင်သော် မိသားစုကောင်းမှု၊ အမှတ် ၁၃(ဘီ/စီ) မြရတနာလမ်း (၁၆)ရပ်ကွက် ရန်ကင်းမှ အလှူတော်ငွေကျပ် ၁၁၀၀၀၀၊ ကွယ်လွန်သူမိခင်ကြီး ဒေါ်ညွန့်စိန်အားရည်စူး၍ ဦးရဲထွဋ်ဝင်း-ဒေါ်သီဂီမင်း မိသားစုကောင်းမှု၊ အမှတ် ၁၀(စီ) မြရတနာလမ်း (၁၆)ရပ်ကွက် ရန်ကင်းမြို့နယ်မှ အလှူတော်ငွေကျပ် ၁၁၀၀၀၀၊ နှစ်ဖက်မိဘများအမျှထား၍ ဦးမြင့်ဇော်-ဒေါ်အေးအေးသင်း မိသားစုကောင်းမှု၊ အမှတ် ၁၃(ဘီ/စီ) မြရတနာလမ်း (၁၆)ရပ်ကွက် ရန်ကင်းမြို့နယ်မှ အလှူတော်ငွေကျပ် ၁၁၀၀၀၀၊ ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော ဦးလှမောင်-ဒေါ်ခင်ကြည်အား အမျှထား၍ သမီး ပါမောက္ခ ဒေါက်တာဒေါ်ခင်မျိုးလှ၊ ဒေါ်ခင်စိုးလှ မိသားစုကောင်းမှု၊ အမှတ် ၁၄၂/၁၂ ဗားကရာလမ်း စမ်းချောင်းမြို့နယ်မှ အလှူတော်ငွေကျပ် ၁၁၀၀၀၀၊ သာသနာပြု ဘိုးကံကြီးနှင့် ခုနစ်ရက်သားသမီးများကောင်းမှု၊ အလှူတော်ငွေကျပ် ၆၅၀၀၀ အလှူတော်ငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌဖြစ်သော သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးတို့ထံ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ပန်းဘဲတန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဆိုင်းဘုတ်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၆

ပန်းဘဲတန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဆိုင်းဘုတ်တင်မင်္ဂလာ အခမ်းအနားနှင့် ၃/၂၀၀၆ အမှုဆောင်အဖွဲ့ အစည်းအဝေးကို ယနေ့နံနက်က ၂၈လမ်း အမှတ် ၁၅၇ တတိယထပ်၌ကျင်းပရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကများ၊ အမှုဆောင်များ၊ မြို့နယ်အဖွဲ့ဝင် စာရေးဆရာများ၊ ရပ်ကွက် (၁၁)ရပ်ကွက်မှ ဥက္ကဋ္ဌများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အသင်းသူ အသင်းသားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ (သတင်းထောက်သန်းဆွေ- ပန်းဘဲတန်း)နှင့် အတွင်းရေးမှူး ဦးမောင်မြင့် (စိန်ဂျွန်းစံမောင်)တို့က မြို့နယ် စာပေနှင့် စာနယ်ဇင်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးခန်း၌ ဆက်လက်ကျင်းပရာ နာယက ဦးမင်းနွယ်ဆွေက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ဥက္ကဋ္ဌ ဦးသန်းဆွေ (သတင်းထောက်သန်းဆွေ-ပန်းဘဲတန်း)က ရှေ့လုပ်ငန်းစဉ်များနှင့် မြို့နယ် မဂ္ဂဇင်းထုတ်ဝေရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နာယက၊ အမှုဆောင်၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာများက ဖြည့်စွက်ဆွေးနွေးကြပြီး နာယက ဦးကျော်ဝင်းမောင်က နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(၂၁၀)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)

၂၇-၃-၂၀၀၆ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၆:၀၀ ၁။ (၆၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၈:၂၀ ၂။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၆ခုနှစ်)
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
- ၁၇:၁၀ ၆။ အကပဒေသာ
- ၁၇:၂၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
- ၁၇:၃၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၇:၄၅ ၁၀။ **“တန်ဖိုး”** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-သက်တင်)
- ၁၇:၅၀ ၁၁။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၈:၀၀ ၁၂။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး”**(အပိုင်း-၇၅)
- ၁၈:၅၅ ၁၅။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၁၀ ၁၆။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၉:၂၀ ၁၇။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၃၅ ၁၈။ ပြည်သူ့အတွက်တပ်မတော် (ခေတ်အဆက်ဆက် မပျက်တာဝန်ကျေပွန်သည့် တပ်မတော်)
- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အခြေခံပညာအဆင့်)
- ၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အိပ်မက်ကမ္ဘာ”**(အပိုင်း-၁)

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရံသီ ဓမ္မသဘင်ပွဲများ

ရန်ကုန် မတ် ၂၆

မြောက်ဥက္ကလာပ ဓမ္မသိင်္ဂီ ပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံ ဓမ္မသိင်္ဂီ ပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာန နာယကဆရာတော် ပျော်ဘွယ် အရှင်ဝိသုဒ္ဓရံသီသည် မတ် ၂၈ ရက်ညတွင် မင်္ဂလာဒုံပေါက်ကုန်း အထူးတရားပွဲ ဧပြီ ၁၊ ၂၊ ၃ ရက်ညများတွင် ရွှေပြည်သာ အလက (၃) ဒုလ္လဘ ရှင်ပြုရဟန်းခံပွဲ၊ ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆ နှင့် ၁၇ ရက်များတွင် ဓမ္မသိင်္ဂီ ပျော်ဘွယ်တရားစခန်းပွဲ၊ ဧပြီ ၁၈ ရက်ညတွင် သန်လျင် ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေးတရားစခန်းပွဲတို့၌ တရားဓမ္မများ ဟောကြားမည်ဖြစ်ရာ တရားပွဲများ ပင့်ဖိတ်လိုပါက ဖုန်း-၆၅၁၉၅၇နှင့် ၇၀၆၉၅၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း အမှတ်(၁၃၀/၆)နေ ဖခင်ကြီး ဦးအောင်မြင့်- မိခင်ကြီး ဒေါ်စန်းမြင့်နှင့် သမီး ဒေါက်တာဒေါ်အေးမြင့်တို့အတွက် ဒေါ်လေးမြင့်နှင့် မောင်နှမတစ်စုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ငွေကျပ်သိန်း ၄၀ ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း လက်ခံယူစဉ်။ (က-ပ)

ပြည်တွင်းပြည်ပသတင်း ဝေဝေဆာဆာဖြင့် ယခုအပတ် ဖလားဝါးနယူးစ် ဖြန့်ချိ

ရန်ကုန် မတ် ၂၆

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂) အမှတ်(၁၃)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ နေစွမ်းအင်ဖြင့် ရွာလုံးကျွတ် လျှပ်စစ်မီးသုံးနိုင်မည်၊ ပင်လယ်ကူးသင်္ဘောများဆိုက်ကပ်နိုင်ရေးအတွက် အရေးကြီးသော သက်တမ်း ၁၀၀ နီးပါးရှိ ဆိပ်ကြီးမြစ်ကြောင်းထိန်း တံတိုင်း ပျက်စီးမှုပြုပြင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံခြင်း စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ငှက်တုပ်ကွေး ကုထုံးဆေးဝါး တာမီဖလူးကို အထူးလေ့လာမှုပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ နှိုးဆော်၊ စိုက်ပျိုးရေးစနစ်ပြုပြင်ခြင်းဖြင့် ကမ္ဘာ့ရေရှားပါးမှုကို ဖြေရှင်းနိုင်၊ ရုပ်ရှင်ရုံများအတွင်း လက်ကိုင်ဖုန်းသုံးခြင်း ပိတ်ဆို့ရေး တောင်းဆိုမှုရှိနေ စသည်ဖြင့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ဖျော်ဖြေရေးနှင့် အားကစားသတင်း စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှ**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့နိုင်ငံ၏ လူငယ်လူရွယ်များအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပညာရည်မြင့်မားရန် အခွင့်အလမ်းများ အားလုံး ပွင့်လင်းနေပြီဆိုသည်ကို အသိပေးလိုကြောင်း၊ ကျေးလက်ပြည်သူများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဗဟုသုတမြင့်မားရန် ဖြည့်ဆည်းဆောင် ရွက်ရာတွင် အနည်းငယ်လိုအပ်သည်ကို တွေ့ကြရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ လူဦးရေ၅၄သန်းကျော်ရှိသည့်အနက်က ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ အခြေအနေကို ပြန်ကြည့်မည်ဆိုလျှင် ပညာဗဟုသုတ တိုးပွားဖို့ရာအတွက် စာအုပ်စာတမ်းများနှင့် လက်လှမ်းမမီသကဲ့သို့ စာပေကိုဖတ်ရှုသည့် အလေ့အထ ကလည်း နည်းပါးသေးသည်ကို တွေ့ကြရမည် ဖြစ်ကြောင်း။

၁၅ရက်အထိ တစ်နိုင်ငံလုံး၌ဖွင့်လှစ်ထူထောင်ပြီးသည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း၅၂၃၉၁ တိုက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ဤလုပ်ငန်းကို မိမိတို့အနေဖြင့် အားသုံးအားကိုယူပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းအားသုံးအားမှာ(၁)နိုင်ငံတော်၏ အား၊ (၂)ဒေသခံပြည်သူများ၏ အားနှင့် (၃)ယနေ့တက်ရောက်လာသည့် စေတနာရှင်ပြည်သူများ၏ အားဖြစ်ကြောင်း၊ ယင်းအားသုံးအားကိုယူပြီး မိမိတို့ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေရှည်အတွက်လည်း အားသုံးအားကိုယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းအနေဖြင့်လည်း ရန်ပုံငွေဖြင့် တတ်နိုင်သမျှ စာအုပ်စာတမ်းများ ဝယ်ယူပြီး စာကြည့်တိုက်များကို ထူထောင်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများကလည်း စိတ်အားတက်ကြွစွာနှင့် စေတနာထက်သန်စွာ မိမိတို့ ကျေးရွာ၊ မိမိတို့ရပ်ကွက်၊ မိမိတို့ဒေသ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်နိုင်အောင်

ရေဒီယိုအလှူရှင်၁၀ဦးက ရေဒီယို ၂၂လုံး တန်ဖိုးအားဖြင့် ငွေကျပ် ၁၄၃၀၀၀ဖြစ်ပြီး စာအုပ်စာစောင် အလှူရှင်ပေါင်း၁၀ဦးတို့က စာအုပ်စာစောင်ပေါင်း၇၆၃၈အုပ် တန်ဖိုးအားဖြင့် ငွေကျပ်၁၉၃၃၆၀၀ဖြစ်သည့်အတွက် ယနေ့လှူဒါန်းသည့်အခမ်းအနားတွင် စေတနာရှင်ပြည်သူများက စုစုပေါင်းငွေကျပ်၄၁၇၅၁၀၀တန်ဖိုး

ဝန်ကြီးဌာနအနေဖြင့်လည်း ဤလမ်းညွှန်ချက်အတိုင်း ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရန်နှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အခြေခံအချက်သုံးချက်

ကျေးရွာစာကြည့်တိုက်များ ထူထောင်ရာတွင် သာမန်အားဖြင့်

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စေတနာရှင်အလှူရှင်များက သုတ၊ရသ စာအုပ်များ၊ စာပေဒါနအလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုများ ရှိရန်၊ နိုင်ငံတော်နှင့်ပြည်သူလူထု တစ်ရပ်လုံး လူမှုစီးပွားရေးဘဝ

လူမှုရေးအခြေအနေများ မျှော်မှန်းပြီး အမြင်ကျယ်ကျယ်ဖြင့် လမ်းညွှန်ခဲ့သည်ဆိုသည်မှာ သိသာထင်ရှား

နိုင်ငံတော်အကြီးအကဲက နောင်ပေါ်ပေါက်လာမည့် အခြေအနေများမျှော်မှန်းပြီး လမ်းညွှန်ခဲ့ မိမိတို့နိုင်ငံသည် ယနေ့ကမ္ဘာ၌ ကျေးရွာတိုင်းစာကြည့်တိုက်ရှိသည့်နိုင်ငံအဖြစ် ဂုဏ်ယူ

ရှိသည့် စာအုပ်စာစောင်၊ ငွေကြေးနှင့် တီဗွီ၊ ရေဒီယိုများကိုလှူဒါန်းခဲ့ကြောင်းကို သိရှိရကြောင်း။

ကျေးလက်ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်အောင်ဟူ၍မြင်မည်ဖြစ်သော်လည်း အမှန်တကယ် ယခုထက်ပိုမို

ဖွံ့ဖြိုးတိုးတက်မှုရှိရန်နှင့် ဒီမိုကရေစီကို ကိုင်တွယ်ကျင့်သုံးမည့် ပြည်သူတစ်ရပ်လုံး၏ အသိဉာဏ်ဗဟုသုတ

ကြောင်း၊ အခြားနိုင်ငံကြီးများတွင် ကျေးရွာတိုင်း၌ ကျေးလက်စာကြည့်တိုက်မျိုးမရှိကြောင်း၊ မိမိတို့နိုင်ငံသည်

ယခုကဲ့သို့ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များထူထောင်သည်နှင့်တစ်ပြိုင်နက်တည်း တစ်ဖက်ကလည်း ထူထောင်ထားသည့် စာကြည့်တိုက်များသည် ရေရှည်တွင် တကယ့် Functionဖြစ်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ငန်းစဉ်(၃)ရပ် ချမှတ်ပြီး ဆောင်ရွက်ထားကြောင်း။

ဤသို့အဆင့်ဆင့်ဆောင်ရွက်မှုလည်း မိမိတို့ထူထောင်ခဲ့ရသည့် ကျေးရွာစာကြည့်တိုက်များသည် ရေရှည်တည်တံ့ပြီးစေတနာရှင်များ၏ အလှူဒါနသည်လည်း တကယ်အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ကျေးရွာစာကြည့်တိုက်များထူထောင်ရာတွင် ရေရှည်တည်တံ့မှုမရှိဘဲ ပျောက်ကွယ်သွားခြင်းမျိုးမဖြစ်အောင် အစီအမံရှိရှိ ဆောင်ရွက်၍ အမြော်အမြင်ကြီးမားစွာဖြင့် လမ်းညွှန်ခဲ့ကြောင်း၊ မိမိတို့

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း ၂၀၀၆ခုနှစ် (၆၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူရှင်တစ်ဦးလှူဒါန်းသော စာပေဒါန အလှူငွေနှင့် သုတ၊ရသ စာအုပ်များ၊ ပစ္စည်းများကို လက်ခံစဉ်။
(သတင်းစဉ်)

အလေ့အကျင့်တိုးပွားအောင်

ထို့ကြောင့် မြန်မာနိုင်ငံ၏အများစုသော ပြည်သူများဖြစ်သည့် ကျေးလက်ပြည်သူများ၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာအောင်၊ ဗဟုသုတအတွေ့အကြုံ ပိုမိုရရှိလာအောင်၊ စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာသည့် အလေ့အကျင့်များတိုးပွားလာအောင် ယခုကဲ့သို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတည်ထောင်ပေးသည့်လုပ်ငန်းကို ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ကျေးရွာပေါင်း ၆၁၉၄၉ရွာရှိကြောင်း၊ ၂၀၀၆ခုနှစ် မတ်

ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြကြောင်း။

စေတနာရှင်များလှူဒါန်းခဲ့

ယင်းအားသုံးအားအနက် စေတနာရှင်ပြည်သူများ၏အားက အလွန်အရေးပါပြီး အင်မတန်မှထိရောက်သည့် အားဖြစ်ကြောင်း၊ မိမိတို့စီမံချက်စတင်ဆောင်ရွက်သည့်အချိန်ကစပြီး ယနေ့အထိ ယခုကဲ့သို့စုပေါင်းပြီး လှူဒါန်းသည့်လှူဒါန်းပွဲများလုပ်ခဲ့ခြင်းသည် အဌမအကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ လှူဒါန်းကြသည့် စေတနာရှင်ပေါင်း၆၀၀ရှိပြီး လှူဒါန်းကြသည့် စာအုပ်စာစောင်ပေါင်းက ၁၇သိန်းကျော်ရှိပြီး ယင်းစာအုပ်ပေါင်း၏ ငွေကြေးတန်ဖိုးသည် ငွေကျပ် ၁၁၃၅ သိန်းကျော်ဖြစ်ကြောင်း၊ လှူဒါန်းခဲ့သည့် ငွေသားစုစုပေါင်းမှာလည်း ငွေကျပ်သိန်း၅၃၀ကျော်ဖြစ်ကြောင်း။

ယနေ့ စေတနာရှင်များက တက်ရောက်လှူဒါန်းသည့်စာအုပ်လှူဒါန်းပွဲမှာ ငွေသားအလှူရှင်လေးဦးက လှူဒါန်းငွေကျပ်၁၉၆၇၅၀၀၊ တီဗွီအလှူရှင်သုံးဦးတို့က တီဗွီသုံးလုံး တန်ဖိုးအားဖြင့် ငွေကျပ်၁၃၁၀၀၀နှင့်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က (၆၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူရှင်တစ်ဦးလှူဒါန်းသော စာပေဒါန အလှူငွေနှင့် သုတ၊ရသစာအုပ်များ၊ ပစ္စည်းများကို လက်ခံစဉ်။
(သတင်းစဉ်)

နက်ရှိုင်းလေးနက်သည့် ရည်ရွယ်ချက် ရည်မှန်းချက်များပါဝင်နေသည်ဆိုသည်ကို ရှင်းလင်းတင်ပြလိုကြောင်း၊ မိမိတို့နိုင်ငံသည် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ရန် အဆင့်ဆင့် စနစ်တကျဆောင်ရွက်နေသည်ဆိုသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေးဖြစ်စဉ်များကို လေ့လာမည်ဆိုလျှင် ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြင့်အနှစ်သာရရှိရှိ မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ရန်အတွက်နိုင်ငံတော်တွင် တည်ငြိမ်မှု၊

ရင့်ကျက်ရန်ဆိုသည့် အခြေခံအချက်သုံးချက်နှင့်ပြည့်စုံရန်လိုအပ်သည်ဆိုသည်ကိုတွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ချမှတ်ထားသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးသည်လည်း ဤကျေးရွာစာကြည့်တိုက်များက အရေးပါသည့် အခန်းကဏ္ဍ၌ ပါဝင်မည်ဖြစ်ကြောင်း၊ ဤနေရာတွင် အလျဉ်းသင့်၍ ထောက်ပြချင်မှုရှိကြောင်း၊ အချို့စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများ၌လည်း ကျေးလက်နှင့် မြို့ပြလူနေမှုအဆင့်အတန်း ဝင်ငွေကွာခြားချက်များကို ကုစားနိုင်ရန်နှင့် ကျေးလက်စီးပွားရေးများကို အခြေခိုင်အောင်တည်ဆောက်ရန်၊ ကျေးလက်ဒေသ၏ကျန်းမာရေး၊ ပညာရေးကဏ္ဍကိုမြှင့်တင်ရန်၊ကျေးရွာတိုင်း လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေသန့်ရရှိရေးကို ဆောင်ရွက်ရန်ဆိုသည့်လုပ်ငန်းများကို စတင်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဤသည်ကိုကြည့်မည်ဆိုလျှင် မိမိတို့ အကောင်အထည်ဖော်နေသည့် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ကျေးရွာစာကြည့်တိုက်များတည်ထောင်ရေးလုပ်ငန်းစဉ်များသည် နိုင်ငံတော်အကြီးအကဲအနေဖြင့် နောင်ပေါ်ပေါက်လာမည့် နိုင်ငံရေး၊ စီးပွားရေး၊

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း (၆၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူရှင်တစ်ဦးလှူဒါန်းသော စာပေဒါနအလှူငွေနှင့် သုတ၊ ရသ စာအုပ်များ၊ ပစ္စည်းများကို လက်ခံစဉ်။
(သတင်းစဉ်)

ယနေ့ကမ္ဘာ၌ ကျေးရွာတိုင်း စာကြည့်တိုက်ရှိသည့် နိုင်ငံအဖြစ် ဂုဏ်ယူနိုင်ပြီဖြစ်ကြောင်း၊ ယခုအခြေခံရရှိနေသည့် စာကြည့်တိုက်များကို ဆက်လက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

စည်းရုံးပညာပေး

တိုင်းပြည်အတွက် အရေးကြီးလှသည့်၊ မွန်မြတ်လှသည့် လုပ်ငန်းတာဝန်ကြီးကို မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းဖြင့်လည်း ဆောင်ရွက်၍မရနိုင်ကြောင်း၊အားသုံးအားဖြင့် ဆောင်ရွက်ရမည်ဟုခံယူထားပါကြောင်း၊ အားသုံးအားဖြင့် ဆောင်ရွက်ရာတွင်လည်း ပြည်သူလူထုကို အသိပညာပေးနေသည့် စာပေလောကသားများ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း မိမိအများကြီးတန်ဖိုးထား လေးစားကြောင်း၊

ထို့ကြောင့် စာပေလောက သားများက အမျိုးသားအကျိုးစီးပွား ကို ရှေးရှုပြီး ယခုကဲ့သို့စာအုပ်များ၊ အလှူငွေများကို တက်တက်ကြွကြွ ပါဝင် လှူဒါန်းလာခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရပါ ကြောင်း၊ ယခုကဲ့သို့ လှူဒါန်းသည့် အပြင် မိမိတို့ဂျာနယ်၊ မဂ္ဂဇင်းများကနေပြီး ကျေးလက်ပြည်သူများ၏ အသိပညာဗဟုသုတ မြင့်မားရေးအတွက် စည်းရုံးပညာပေး တိုက်တွန်းသွားရန်လည်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယုံယုံကြည်ကြည်တာဝန်ပေးအပ်

ထို့နောက် စာပေဒါနအလှူရှင်များ ကိုယ်စား ပြည်တွင်းဂျာနယ်သတင်းထောက်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် နိုင်ငံတော်က ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများ၊ စာပေလောကသားများကို ယုံယုံကြည်ကြည်တာဝန်ပေးအပ် ဆက်ဆံဆောင်ရွက်ပါသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား မိတ်ဖက်များအဖြစ် ခံယူပြီး အမျိုးသားရေးအကျိုးစီးပွားတွင် ရပ်တည်ဆောင်ရွက်သွားမည်ဟု ကတိပြုပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်များဖြစ်ကြသော ဦးစိုးတင့်(စိုးလျှပ်စစ်ကုမ္ပဏီ၊ရန်ကုန်)ကငွေကျပ် ၁၀သိန်း၊ Eleven Media Group က ငွေကျပ်သုံးသိန်း၊ 7.Days News ဂျာနယ်မှ ငွေကျပ်၁၅၀၀၀၀၊ 24/7 News ဂျာနယ်မှ ငွေကျပ် ၁၀၀၀၀၀၊ ပုဂ္ဂလိကစာနယ်ဇင်းများက ငွေကျပ်သုံးသိန်းအပါအဝင် ပြည်တွင်းဂျာနယ်သတင်းထောက်အဖွဲ့က စုစုပေါင်း ငွေကျပ်၇၆၀၀၀၀၊ ပျဉ်းမနားမြို့ ပုံနှိပ်လုပ်ငန်းရှင်များက ငွေကျပ်၁၀၇၅၀၀၊ ဒေါက်တာပေါ်မြင့်ဦး-ဒေါက်တာဂျိုဂျိုစန်း(မြဂန္ဓမာဆေးခန်း)က ငွေကျပ်တစ်သိန်း၊ ဦးသန်းထွဋ်(ပိုင်အဆင့်မြင့်ဗီဒီယိုပြသရေး)၊ ဦးကြည်မောင်(ပြုံးပန်းတစ်ထောင်ဗီဒီယိုပြသရေး) ရွှေတောက်ရပ်နှင့် ဦးမောင်မောင်ကောင်း(ရွှေပြည့်အိုးဗီဒီယိုဖြန့်ချိရေး)မင်္ဂလာရပ်တို့က ၁၄လက်မ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးစီတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် စေတနာရှင်၊ အလှူရှင်များဖြစ်ကြသော မန်နေဂျာသစ်ထုတ်လုပ်ရေး(တောင်)နှင့် သစ်ထုတ်လုပ်ရေး(မြောက်)တို့က ရေဒီယိုငါးလုံး၊ ဦးအောင်ချို-ဒေါ်နီမာလွင်(စူပါစတားမုန့်ဆိုင်)က ရေဒီယိုလေးလုံး၊ ဒေါ်မိမိမော်(မြို့နယ်တရားသူကြီး၊ မြို့နယ်တရားရုံး၊ ပျဉ်းမနားမြို့)၊ ဦးကျော်ဝင်း-ဒေါ်နှင်းနှင်းကျော်(ဘာဏုရာဇာပုံနှိပ်တိုက်)၊ ဦးခင်မောင်လတ်-ဒေါ်ခင်ခင်ဝင်း (လင်း ကားပစ္စည်းဆိုင်)၊ ဦးကျော်ခင်သိန်း (ခတ်ဆီဆိုင် မန်နေဂျာ)-ဒေါ်လီလီမြင့်(ရေနံဝင်း)၊ ဒုအရာခံဗိုလ်ဇော်မင်းသိန်း-ဒေါ်မိုးမြင့်စန်းဦး (မိုး မျှစ်ချဉ်လုပ်ငန်း) တို့က ရေဒီယိုနှစ်လုံးစီကို လည်းကောင်း၊ ဦးတင်ဝင်း(မြို့နယ်သတင်းထောက်၊ တင်ဝင်းနိုင်၊ ပျဉ်းမနား)၊ ဦးဇော်လင်းသန်း(စာရေးဆရာရဲရဲ၊ မှခင်းသတင်းထောက်)၊ ဦးဇော်မင်းအောင်(ကြေးမုံသတင်းထောက်)တို့က ရေဒီယို တစ်လုံးစီတို့ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စေတနာ အလှူရှင်များ ဖြစ်ကြသော ပြည်တွင်း ဂျာနယ်သတင်းထောက်အဖွဲ့က မဂ္ဂဇင်း ဂျာနယ်မျိုးစုံ ၇၁၈၁ အုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန ရည်ညွှန်း စာကြည့်တိုက်က စာအုပ်မျိုးစုံ အုပ် ၅၀၀၊ မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌ ဦးစံကောင်းက စာအုပ် မျိုးစုံ ၁၀၁ အုပ်၊ တရားရုံးချုပ် ရှေ့နေ ဦးမြင့်ဦး-ဒေါ်မူမူအောင်တို့က စာအုပ်မျိုးစုံ ၇၅ အုပ်၊ ဟိန်းစာပေမှ စာအုပ်မျိုးစုံ အုပ် ၃၀၊ ဦးမြင့်ဆွေ (ဖြိုးဝေလွင် စာပေ) က ဂျာနယ်မျိုးစုံ အုပ် ၇၀၊ ဦးလှမြင့်(အထက်တန်းရှေ့နေ) အဘိဓမ္မာ ပြန့်ပွားရေး ဥက္ကဋ္ဌက မဂ္ဂဇင်း ဂျာနယ်မျိုးစုံ ၁၁၆ အုပ်၊ စာရေးဆရာ သောင်းဝေဦးနှင့် သရဖူစာပေမှ စာအုပ်မျိုးစုံ ၃၅ အုပ်၊ ဂျူပီတာ(ကွန်ပျူတာ မိတ္တူလုပ်ငန်း) က ဂျာနယ်မျိုးစုံ အုပ် ၃၀၊ ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မှုခင်းသတင်းထောက် ဦးဖုန်းကျော်က ဂျာနယ်မျိုးစုံ အုပ်၅၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် များအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် စေတနာရှင် အလှူရှင်များနှင့် ဧည့်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ ကျင်းပသော အခမ်းအနားတွင် ငွေသားအလှူရှင် လေးဦးက ငွေကျပ် ၁၉၆၇၅၀၀၊ အလှူရှင်သုံးဦးတို့က ရုပ်မြင်သံကြား ဖမ်းစက်သုံးလုံး တန်ဖိုး ငွေကျပ် ၁၃၁၀၀၀၊ အလှူရှင် ၁၀ ဦး တို့က ရေဒီယို ၂၂လုံး တန်ဖိုးငွေကျပ် ၁၄၃၀၀၀၊ အလှူရှင် ၁၀ ဦး တို့က စာအုပ်စာစောင်ပေါင်း ၇၆၃၈ အုပ် တန်ဖိုးငွေကျပ် ၁၉၃၃၆၀၀ စုစုပေါင်း ငွေကျပ် ၄၁၇၅၁၀၀ တို့ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ရုံးသစ်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် မတ်၂၁ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ယင်းဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ခင်ပြုံးဝင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့တာဝန်ခံများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကနှင့် ဥက္ကဋ္ဌတို့က မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ရုံးသစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကမ္ပည်းမော်ကွန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် စေတနာရှင်၊အလှူရှင်များက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၁၀ သိန်းစီ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မင်းကြီးရေယာဉ်အုပ်စုနှင့် ခေတ်လိုက်ဆောက်လုပ်ရေးတို့က ငွေကျပ်ငါးသိန်းစီ၊ မန္တလေးတိုင်း ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲက ငွေကျပ်သုံးသိန်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် ဇနီးဒေါ်ဖြူတို့က ငွေကျပ်တစ်သိန်းစီ စုစုပေါင်းငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံသည်။ ထို့နောက် မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌသည် ရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ခြံစည်းရိုးကြက်ဆူပင်

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌသည် အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး)ပရဝဏ်အတွင်းရှိ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့၏ ခြံစည်းရိုးကြက်ဆူပျိုးခြံ၌ ကြက်ဆူပင်ကို စိုက်ပျိုးပေးပြီး စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်ကို လှည့်လည်ကြည့်ရှုသည်။ ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌသည်အမျိုးသမီးများကကြက်ဆူဆီကိုအသုံးပြု၍ မော်တော်ယာဉ်များ လက်တွေ့ မောင်းနှင်ပြသမှုကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၂၅ ရက်က (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းက ပန်းချီပြိုင်ပွဲ မူလတန်း(အကြီး) အဆင့်တွင် ပထမဆုရရှိသူ မဖူးငုံကျော်အား ဆုချီးမြှင့်စဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

အောင်စကြာဆရာတော် ဓမ္မခရီး

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက(မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် မတ် ၂၆၊၂၇၊ ၂၈ ရက် ညများတွင် မှော်ဘီမြို့နယ် ဆပ်သွားတော အုပ်စု စမ်းချောင်းကျေးရွာ၊ ၂၉ရက်ညတွင် လှိုင်မြို့နယ် (၁)ရပ်ကွက် အောင်မေတ္တာလမ်းမကြီး၊ ၃၀ ရက်ညတွင် ကမာရွတ် ဆင်မလိုက် အုန်းတော(၅)ရပ်ကွက် ဆရာစံလမ်းမကြီး၊ ၃၁ရက် ညတွင် တောင်ဒဂုံ (၁၈)ရပ်ကွက် ဓမ္မရက္ခိတ ဓမ္မာရုံ၊ ဧပြီ ၁၊၂၊၃ ရက် ညများတွင် လက်ပန်တန်းမြို့ ရှင်ပြုအသင်း၊ ၄ရက် ညတွင် တာမွေမြို့နယ် ကျောက်မြောင်း ရပ်ကွက်စိတ္တာသုခလမ်း၊ ၅ရက် ညတွင် ကျောက်တန်းမြို့ ကျိုက်ပြသဒ် တနော် စေတီတော်၊ ၉ရက်ညတွင် မင်္ဂလာတောင်ညွန့်မြို့ နယ် ဖဆပလ ရပ်ကွက်၊ ၁၀ရက်ညတွင် တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ကျော်သူလမ်း တြိရတန ဓမ္မရက္ခိတ ဓမ္မာရုံ၊ ၁၁ ရက်ညတွင် သန်လျင်မြို့နယ်ငပကျေးရွာ၊ ၁၂၊၁၃၊၁၄ ရက် ညများတွင် မြောက်ဥက္ကလာပ မြို့နယ် ည ရပ်ကွက် ဝေဘာဂီလမ်းမကြီး သာသနာရက္ခိတ ဓမ္မာရုံ၊ ၁၅၊ ၁၆၊ ၁၇ ရက် ညများတွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းသန့်စင်လမ်း၊ ၁၇ရက် ညတွင် ဒလမြို့နယ် သမ္မတကမ်းခြေဟိုတယ်တို့တွင် တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

မလွှန်ဆန်လှူအသင်းထောက် ရေစက်ချတရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၂၆

လှိုင်မြို့နယ် (၁၆)ရပ်ကွက်၏ (၂၉)ကြိမ်မြောက် ရပ်ကွက်လုံးဆိုင်ရာ မလွှန်ဆန်လှူအသင်းထောက်နှင့် တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့တို့၏ တစ်နှစ်တာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားပွဲများကို ပါရမီလမ်း အလက(၆) ကျောင်းဝင်းအတွင်း ညစဉ်၇နာရီမှစ၍ ကျင်းပမည်ဖြစ်ရာ ဧပြီ၁ရက်တွင် ဘဒ္ဒန္တနန္ဒိမာဓိပတိ၊ ၂ရက်တွင် ဘဒ္ဒန္တတေဇောဘာသ၊ ၃ရက်တွင် ဘဒ္ဒန္တကုန္ဒက၊ ၄ရက်တွင် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ၅ရက်တွင် ဘဒ္ဒန္တစန္ဒိမာ၊ ၆ရက်တွင် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ၊ ၇ရက်တွင် အောင်စကြာအရှင် စန္ဒာသီရိ၊ ၈ရက်တွင် ဒေါက်တာ ဘဒ္ဒန္တကောဝိဒ၊ ၉ရက်တွင် ဘဒ္ဒန္တ ဝဏ္ဏိတနှင့်၁၀ရက်တွင် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဖြစ်သည်။ **(က-ပ)**

(၆၁)နှစ်မြောက်တပ်မတော်နေ့ ပြခန်းများစတင်ပြသ

ရန်ကုန် မတ် ၂၆

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ၏ ပြခန်းများကို ယနေ့ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပထမနေ့အဖြစ် စတင်ပြသထားရာ ရဟန်းရှင်လူ ပြည်သူတို့ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြသထား

ပြပွဲတွင် နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ် ပြခန်း၌ ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ နိုင်ငံတော် အမျိုးသားရေး ရည်မှန်းချက်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကြိုးပမ်းမှု၊ ပြည်သူ့သဘောထား၊ ပြည်သူတို့၏ သန္နိဋ္ဌာန်(၆)ရပ်၊ နိုင်ငံရေးဦးတည်ချက်၊ စီးပွားရေး ဦးတည်ချက်၊ လူမှုရေးဦးတည်ချက် တို့ကို ဇယား၊ ပြကွက်၊ ဓာတ်ပုံများဖြင့် ပြသထားသည်။

ဝေဝေဆာဆာ

ရန်ကုန်တိုင်း စစ်ဌာနချုပ် ပြခန်း၌ (ကြည်း၊ရေ၊လေ) တပ်မတော်သားများ၏ ပန်းချီကား၊ တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန် (၄)ရပ်ကိုရည်ညွှန်းထားသော ခြသေ့်လေးကောင်နှင့် ရှေးခေတ် မြန်မာမူလက်ရာမုခ်ဦး၊ တိုင်းမှူးနှင့် တိုင်းစစ်ဌာနချုပ် သမိုင်းကြောင်း၊ ရှေးခေတ်သုံး မြန်မာအမြောက်နှင့် ပုံတူရုပ်တုများ၊ ချစ်ကြည်သွေးစည်း နိုင်ငံတော်ရှေ့ခရီး၊ ပြည်ကျိုးထင်ဟပ် ဦးတည်ချက် တစ်ဆယ့်နှစ်ရပ်၊ လေးရပ်တာဝန် တပ်ကျေပွန်၊ အောင်ပွဲဆင့်လှိုင်း ရန်ကုန်တိုင်း၊ နှစ်(၆၀) ပြည့် တပ်မတော်နေ့ အထူးပြကွက်များကို ပန်းချီ၊ ဓာတ်ပုံကားချပ်များဖြင့် ဝေဝေဆာဆာ ပြသထားသည်။

အဆိုပါ ပြပွဲကို နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဆက်လက်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ပေါင်းတည်မြို့နယ် ကျေးလက်လမ်းနှင့် စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်လှစ်

ရန်ကုန် မတ် ၂၆

(၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာ အုပ်စု၊ နတ်ပုတီး၊ ညောင်ဇင်ကျေးလက်ဒေသဖွံ့ဖြိုးရေး မြေနီလမ်းဖွင့်ပွဲကို မတ် ၂၄ ရက် နံနက်၉နာရီတွင်ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) အဖွဲ့ဝင်(၁) တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးရန်မျိုးအောင်သိန်းနှင့် ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ ရွာသစ်ကြီးကျေးရွာ အုပ်စု ရွာသစ်ကြီးရွာ ကိုယ့်အားကိုယ်ကိုး စပါးခွံလောင်စာသုံး ဓာတ်အားပေး စက်ရုံဖွင့်ပွဲနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲ အခမ်းအနားကို နံနက်၁၀နာရီတွင် အဆိုပါမင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ကျေးရွာတည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်သန်းက တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စက်ရုံ တည်ဆောက်ရန်အတွက် မြေဧက ဝဒသမ၂၅ကို ဒေါ်အုန်းမိသားစုမှ ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်သက်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက အမှာစကားပြောကြားသည်။ မီးစက်ရုံအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်သက်၊ မှတ်တိုင်လျှပ်စစ်မှူး ဦးခင်အောင်ဝင်းကြည်နှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌဦးသက်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စက်ခလုတ်နှိပ်ကာ မီးစက်ကို ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

ယင်းနောက် ကျေးလက်ကျန်းမာရေးဌာနခွဲကို ဆက်လက်ဖွင့်လှစ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်သက်၊ တိုက်နယ်ဆရာဝန် ဦးကျော်လင်းလင်း၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးတင်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှု စစ်ဆေးကြပ်မတ်

ရန်ကုန် မတ် ၂၆

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီ ဥက္ကဋ္ဌရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် ကော်မတီဝင်များသည် စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အတူနိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည့် ယနေ့ နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေး အဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌တပ်မတော် မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာ မော်တော်ယာဉ်များသွားလာသုံးစွဲခြင်း စစ်ဆေးနေမှုတို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

စစ်ဆေး

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိနှင့်ယာဉ်စည်းကမ်းလမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြပ်မတ်ကြသည်။

(အောက်ပုံ) (သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ(၁၄)နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ(၃၀) စုစုပေါင်း (၄၄)နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန် မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှ တစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါ မြို့နယ်လေးမြို့နယ် တွင် တားမြစ်ဧရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင် ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်း။

ဗုဒ္ဓဘာသာ အခြေခံသင်တန်း

ရန်ကုန် မတ် ၂၆

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် ၂၂၂ ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြု အဖွဲ့ချုပ်တွင် စတုတ္ထ တန်းနှင့်အထက် ဗုဒ္ဓဘာသာ အခြေခံ သင်တန်းကို မတ် ၂၉ရက်မှ ဧပြီ ၁၁ရက်အထိ (စနေ၊ တနင်္ဂနွေမှအပ) နေ့စဉ် ဓမ္မဒါန သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သုခဝတီလမ်း အမှတ် ၂၂ နေ ဒေါ်ခင်ထားလတ်၏(၇၅) နှစ်မြောက်မွေးနေ့ မြတ်ဒါန ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှု ဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူး ရောင်းချခြင်း(လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှု မရှိအောင်ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိ မွေးမြူမှု မပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှု မပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်းဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစား နှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်းဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ် စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင် ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်း ကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

● **ရှေ့ဖုံးမှ**

ဦးအောင်ဝင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ တင်ညွန့်တို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆေးရုံကမ္ပည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြက်ဆူပင်စိုက်ပျိုးပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဆေးရုံအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆေးရုံခန်းမ၌ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ကျန်းမာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် မောင်းနှင်အားဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသည့် လူမှုရေးဦးတည်ချက်ကို ချမှတ်၍ ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားစေရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ မြို့နယ်အတွင်း သီးခြားဆေးရုံ အဆောက်အအုံ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် မြို့နယ်နေပြည်သူလူထု၏ ကျန်းမာရေးကို အနီးကပ်စောင့်ရှောက်နိုင်တော့မှာဖြစ်ကြောင်း၊ ဆေးရုံ၌ တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်အောင် မိမိကိုယ်ပိုင်အရည်အချင်းနှင့် ဆေးရုံ၏ အရည်အသွေးတို့ကို မြှင့်တင်ထိန်းသိမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ဆေးရုံတည်ဆောက်မှုနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (တောင်ပိုင်း)နှင့် (ဆိပ်ကမ်း)မြို့နယ်များအတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြင်မောင်က ဆေးရုံအဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါက်တာတင်ညွန့်ထံ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆောက်လုပ်ရေးကုမ္ပဏီ ၁၄ခုမှ ငွေကျပ်၁၄သိန်း၊ ဒေါက်တာကိုကိုကြီး (ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်)က ငွေကျပ်၁၀သိန်း၊ ဦးနေဝင်းဆွေ–ဒေါ်စန္ဒာ(NWS Co.,Ltd.)က ငွေကျပ်ခုနစ်သိန်း၊ ဆောက်လုပ်ရေးလုပ်ငန်းရှင် ၁၄ဦးက ငွေကျပ်၅၉၀၀၀၀၊ ဦးဝင်းမြင့်(ဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)၊ ဦးဖေလှိုင်(SSIဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ဆေးမျိုးစုံအပါအဝင် စေတနာရှင် အလှူရှင် ၅၄ဦးက ငွေကျပ် ၆၂၄၀၀၀၀နှင့် ငွေကျပ် ၁၉၃၀၀၀၀တန်ဖိုးရှိ ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ဆေးရုံအတွင်းရှိ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် လူနာဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇–၃–၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	သံဂဟေအတတ်ပညာ (အပိုင်း–၁)
၇း၁၀	တေးဂီတအစီအစဉ်
၇း၁၅	Myanmar Video Rhythm
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	အမျိုးသားကန်တော်ကြီး ဥယျာဉ် (သဘာဝငှက်ဥယျာဉ်)
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ထုထည်ကြီးမား ထင်ရှားဧကန် ဓမ္မရုံ
၈း၅၀	မိုးလေဝသခန့်မှန်းချက်
၈း၅၅	အပူဒဏ်၏ အန္တရာယ်
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၅	ချစ်သောမြေ၊ ချစ်သောရေ (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ)
၉း၃၅	မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော် ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ပြည်တွင်း သတင်းအကျဉ်း
၁၀း၅၀	သွင်းကုန်အစားထိုး စံချိန်မီ မော်တာပန်ကာကြိုး
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	သင်ယူစရာ ပန်းချီပညာ (စိတ်ကူးအာရုံဖြင့် ရေးဆွဲခြင်း)
၁၁း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅	နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁း၂၅	Tottenham-West Brom	5-Sports (Live)

ရွှေပြည်သာ သာသနဒီပံ မဟာစည်ရိပ်သာတရားစခန်း

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့ ရွှေပြည်သာ ၆/၁၀ရပ်ကွက် ချင်းတွင်းလမ်း သာသနဒီပံမဟာစည်ရိပ်သာ၌ ဧပြီ၁၀ရက်မှ ၁၇ရက်အထိ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန်ဝိပဿနာ တရားများကို အခြေခံမှစ၍ ကျွန်းကလေးမြတ်သန္တာမဟာစည်ရိပ်သာဆရာတော် အရှင်သိရိန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသမည် ဖြစ်သည်။ တရားစခန်းဝင်လိုသောယောဂီများ ဖုန်း–၇၀၇၄၉၇၊ ၆၃၆၆၃၆–၃၄၈၊ ၆၃၆၆၃၆–၂၁၁ နှင့် ဖုန်း–၆၄၃၀၉၅၊ ၅၆၂၇၉၅တို့သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က–ပ)**

မနောရမ္မကျောင်းရေစက်ချအလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် မတ် ၂၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်း(ရှမ်းလမ်း)အရှေ့ဥယျာဉ်တိုက် မနောရမ္မပညာဒါန သုံးထပ်ကျောင်းဆောင်သစ်ကြီး ဖွင့်ပွဲအခမ်းအနားကို မတ်၁၉ရက် နံနက်၉နာရီက အဆိုပါ သုံးထပ်ကျောင်းဆောင်သစ်၌ကျင်းပရာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တ ကောသလနှင့်သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာ မျိုးမြင့်နှင့် မနောရမ္မကျောင်းဆရာတော် ဦးဝါယာမိန္ဒတို့က မော်ကွန်းကမ္ပည်းကျောက်စာကိုဖွင့်လှစ်ပေးသည်။

ထို့နောက် မနောရမ္မကျောင်း သုံးထပ်ကျောင်းဆောင်သစ် ခန်းမ ရေစက်ချအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ (ပြည်ဆရာတော်)ထံမှ ငါးပါး သီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဧည့်ပရိသတ် များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ အလှူရှင်များကကျောင်းဆောင်သစ်အတွက် အလှူငွေများကို ပေးအပ် လှူဒါန်းကြရာ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာ မျိုးမြင့်နှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။**(အောက်ပုံ)** ထို့နောက် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ (ပြည်ဆရာတော်) ထံမှရေစက်ချ အနုမောဒနာတရား နာကြားကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသည် အလျား ၁၂၈ပေ၊ အနံ ၁၀၄ပေရှိသည့် တစ်ထပ်အုတ်ညှပ် အဆောက်အအုံဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ငွေကျပ် ၁၇၄၈ ဒသမ ၁၆၄သိန်း အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း ကျင်းပသည့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော် အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ကျော်လွင်က မြို့နယ်အတွင်းခြံစည်းရိုး ကြက်ဆူပင် စုဆောင်းစိုက်ပျိုးထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကြက်ဆူမျိုးစေ့

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်မြင့်ဦး၊ ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်နှင့် ဒဂုံ(အရှေ့) စက်မှုဇုန်ဥက္ကဋ္ဌ ဦးနေဝင်းဆွေတို့အား ခြံစည်းရိုးကြက်ဆူမျိုးစေ့များ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့များ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဇနီးနှင့်ဌာနဆိုင်ရာ အကြီးအကဲများသည် ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေးကြပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးပညာပေး မှတ်တမ်းဓာတ်ပုံများနှင့် မျိုးစေ့များ၊ ပျိုးကိုင်းများ၊ ပျိုးပင်များ၊ ကြက်ဆူဆီခြံစည်းရိုး ကြက်ဆူစေ့ကြိတ်ခွဲကိရိယာ၊ ဆီကြိတ်ကိရိယာတို့ကို ကြည့်ရှုအားပေးကြသည်။

စုပေါင်းပျိုးထောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်ဧည့်သည်တော်များသည် ပျိုးပွဲတော်အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များ အမှတ်တရ စုပေါင်းစိုက်ပျိုးပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် လူမှုရေးအသင်းဝင်များနှင့် ပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။

ရန်ကုန်အရှေ့ပိုင်း ခရိုင်အနေဖြင့် ယနေ့အထိ ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်(၁၁၈ ဒသမ ၈၂) ရာခိုင်နှုန်း စုဆောင်းထားရှိပြီး ပျိုးထောင်ပြီး အပင် ၁၈ သိန်းကျော်နှင့် (၂၁ ဒသမ ၈၅၅)ဧက စိုက်ပျိုးထားပြီးဖြစ်သည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို နေနတ်သားစာသင်တိုက် သံဃညီမူယာခန်းမတွင် မတ်၁၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဇနကထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။ (၁၂၉)

သဲအင်းဂူသကြင်္န်အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၆

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းနှင့်အညီ ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဝိမလ (မော်လမြိုင်)၊ ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တဇဝနတိက္ခ(အောင်ချမ်းသာ၊ မုံရွာ)၊ အမှတ်(၆)ဝိုင်း ဆရာတော် ဘဒ္ဒန္တစိန္တာမယ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ နည်းလှည့်သာသနာပြုဓမ္မကထိက အရှင်သူမြတ်တို့က ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ သင်္ကြန် အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်လှစ်၍ သမထဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၀ ရက်(တနင်္လာနေ့)ညနေ ၅ နာရီ အရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဂုဏ်ပြုပူဇော်ပွဲနှင့်သိက္ခာထပ်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၆ ခုနှစ်(၅၈)ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်(မဟာသဒ္ဓမ္မဇောတိကဓဇ) သာသနာပြုဘွဲ့ ဆက်ကပ်ခြင်း ခံရသော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်း နာယက ဘဒ္ဒန္တပဏ္ဍိစ္စအား မန္တလေးတိုင်း တပ်ကုန်းမြို့နယ် သစ်ဆိပ်ပင်ကျေးရွာ၊ နတ်စဉ်ကျေးရွာ၊တောင်ဘို့သာကျေးရွာနှင့် အုန်းပင်ကျေးရွာမှ ဒါယကာ၊ ဒါယိကာမများက သစ်ဆိပ်ပင်ရာပြည့်ကျောင်း၌ တန်ခူးလဆန်း ၆၊ ၇ရက်များတွင် ဂုဏ်ပြုပူဇော်ပွဲနှင့် ရန်ကုန်မြို့ ကမာရွတ် လှည်းတန်းဈေး သီဟိုဠ်စတိုး (ဦးကာလူး)ဒေါ်နီ၊ သမီး ဒေါ်လှလှရီ မိသားစုတို့က သိက္ခာကံထပ်ပွဲ ကျင်းပမည်ဟု သိရသည်။

(က–ပ)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာ ပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသာအခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက်၁၀နာရီမှ ညနေ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ခြင်းရေချိုးခြင်းမှရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

* ကျောဖုံးမှ

ယခုအခါ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဆည်တမံအသစ် ၁၈၄ခု၊ မြစ်ရေတင် စီမံကိန်း၂၉၃ခုကို ၁၇နှစ်ကျော်ကာလအတွင်း အံ့မခန်းတည်ဆောက်ပေး နိုင်ခဲ့ကာ စိုက်ပျိုးမြေဧက သုံးသန်းနီးပါး ပိုမိုတိုးတက်ဖြစ်ထွန်းလာခဲ့ပေပြီ။ ဤသည်တို့မှာ နောင်တိုးပွားလာမည့် လူဦးရေသန်း ၁၀၀အထိ ပြည့်ဝဖူလုံစွာ စားသုံးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေး မူဝါဒတစ်ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်နေခြင်း ဖြစ်ပေသည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအတွက် ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုရန် စဉ်ဆက်မပြတ် စူးစမ်းလေ့လာခဲ့သည်။

ကြီးအုံ-ကြီး၀ ဘက်စုံစီမံကိန်းတွင် ပါဝင်သည့် ရေလွှဲတူးမြောင်း ဖောက်လုပ်ထားသည့် မြင်ကွင်းကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

လျှပ်စစ်စွမ်းအား

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသည့်လျှပ်စစ်စွမ်းအား ဖြည့်ဆည်းပေးမည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍကိုလည်း စူးစမ်းလေ့လာ ဆောင်ရွက်လျက်ရှိရာ ကြီးအုံ-ကြီး၀ ရေလှောင်တမံစီမံကိန်းသည် ကဏ္ဍနှစ်မျိုးစလုံးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် သင့်လျော်သော စီမံကိန်းတစ်ခုအဖြစ် ၃၀-၆-၂၀၀၃ရက်တွင် ကျင်းပသော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေးမှခွင့်ပြုခဲ့သည်။

အပိုင်းသုံးပိုင်း

ကြီးအုံ-ကြီး၀ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရေသယံဇာတအားကောင်းသော မုန်းချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် စီမံကိန်းဖြစ်သည်။ မုန်းချောင်းကို သုံးပိုင်းပိုင်းလျက် မုန်းချောင်းအပေါ်ဆုံးတွင်ရှိ ဖူးရွာအနီး၌ မုန်းချောင်းကို ရေကူပေးရန် ဖူးရေလှောင်တမံစီမံကိန်းဖြင့် မုန်းချောင်းရေလှောင်တမံသို့ ရေကူပေးရန်ကိုလည်းကောင်း၊ မုန်းချောင်းမှ ရေအားလျှပ်စစ်ပေးရန် လွှတ်ပေးလိုက်သောရေများကို ကြီးအုံ-ကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းဖြင့် စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန်ကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ကြီးအုံ-ကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းကို တည်ဆောက်ရာတွင် မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သော ရေများနှင့် ရေလှောင်တမံနှစ်ခုအကြားမှ စီးဆင်းနေသောရေများကို စုပေါင်းသိုလှောင်၍ ရေအားလျှပ်စစ် မဂ္ဂါဝပ်၇၀ ထပ်မံလွှတ်နိုင်ရန်၊ သိုလှောင်ပြီးရေများကို ထိန်းညှိထုတ်လုပ်၍ လက်ရှိတည်ဆောက်ပြီး မဲဇလီရေလွှဲဆည်မှတစ်ဆင့် လယ်မြေဧက ၉၆၇၇၇ဧကသို့ မိုးစပါးအတွက် ရေအလုံအလောက်ပေးဝေနိုင်ရန်၊ သီးထပ်အဖြစ် နွေစပါး၇၄၀၀၇ဧကကို ရေပေးဝေနိုင်ရန်နှင့်ဒေသတွင်း စိမ်းလန်းစိုပြည်လာရန်တို့ကိုရည်ရွယ်၍ စီမံကိန်းချမှတ်အကောင်အထည်နေဖော်ခြင်းဖြစ်သည်။

ကြီးအုံ-ကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းကို မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီ ရေလွှဲဆည်၏ အထက် ငါးမိုင်ခန့်အကွာ၊မုန်းချောင်း ရေလှောင်တမံစီမံကိန်း၏ အောက်ဘက် ၁၅မိုင် ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည်။

ကြီးအုံ-ကြီး၀ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ဆည်မြောင်းဌာနတွင် ဆောင်ရွက်လျက်ရှိသော ရေလှောင်တမံစီမံကိန်းများအနက် ရေအားလျှပ်စစ် ထုတ်လုပ်ပေးရန် လုပ်ငန်းအားလုံးကို ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်လုပ်ကိုင်သော ပထမဦးဆုံးသော လုပ်ငန်းဟု ဆိုရမည်ဖြစ်သည်။

ရေအားလျှပ်စစ်ကို တာဝန်ယူ ထုတ်လုပ်ရန်အတွက် ကြီးအုံ-ကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ရေအားလျှပ်စစ် ထုတ်လုပ်ရေးဌာနကို ဖွဲ့စည်းပုံအသစ် ဖွဲ့စည်းလျက် စတင်ဆောင်ရွက်လျက်ရှိပြီး ကြီးအုံ-ကြီး၀ စီမံကိန်းနယ်မြေဒေသအတွင်း ရေအားလျှပ်စစ်အဖွဲ့အတွက်နေအိမ်တိုက်တာများ တည်ဆောက်ထား၍ ကြီးအုံ-ကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး၏ အုပ်ချုပ်မှုအောက်၌ ထားရှိအကောင်အထည်ဖော်မည်ဖြစ်သည်။

ကျောက်ချောလမ်းဖောက်လုပ်ထား

ကြီးအုံ-ကြီး၀ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပုသိမ်၊ မုံရွာလမ်းမကြီးမှ သုံးမိုင်ခန့်ဝင်ရပြီး ဘက်စုံစီမံကိန်းဖြစ်သည့်အလျောက် ဝင်ထွက်သွားလာမှု လွယ်ကူစေရန်နှင့် စက်ယန္တရားယာဉ်ကြီးများ သွားလာနိုင်စေရန် ကျောက်ချောလမ်း ဖောက်လုပ်ထားသည်ကို တွေ့ရသည်။

ရေလှောင်ပမာဏ

ကြီးအုံ-ကြီး၀ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မုန်းချောင်းပေါ်တွင် တမံတည်ဆောက် အကောင်အထည်ဖော်မည်ဖြစ်သည့်အလျောက် နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၃၆၀၀၀၀ ရှိ၍ အမြင့်၁၆၄ ပေ၊ အလျားပေ ၃၂၈၀ ရှိသော ဇုန်တမံအမျိုးအစားကို တည်ဆောက်လျက်ရှိသည်။ ရေလှောင်တမံပြီးသည့်အချိန်တွင် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၄၆၃၀၀၀ သိုလှောင်မည်ဖြစ်ပြီး ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၃၅၃၅၀ ရှိမည်ဖြစ်သည်။

အချိုးကျကျနေရာယူ

သတ်မှတ်ရေဧကပေထက် ပိုဝင်လာသောရေများကို ရေလွှဲထုတ်နိုင်ရန်အတွက် အကျယ် ၃၂၆ပေ၊ အလျားပေ ၁၁၀၀ရှိသော သံကူကွန်ကရစ်ရေပိုလွှဲကို တည်ဆောက်လျက် ရေများလွှဲပေးမည်ဖြစ်သည်။ ရေအားလျှပ်စစ်ပေးနိုင်ရန် ဖိအားမြှင့်သံမဏိပိုက် အချင်း ၁၈ပေ နှစ်လုံးနှင့် အချင်း ၁၀ပေတစ်လုံးတို့ဖြင့် ဖူးရေလှောင်တမံ၊ မုန်းရေလှောင်တမံနှင့် ကြီးအုံ-ကြီး၀ရေလှောင်တမံ တည်နေရာသုံးဆင့်တို့ကို အချိုးကျကျနေရာယူထားကြောင်း သိရသည်။

ခြံစည်းရိုးကြက်ဆူပင်

ကြီးအုံ-ကြီး၀ ရေလှောင်တမံ တည်ဆောက်လျက်ရှိသော ဒေသမှာ သစ်တောကြိုးဝိုင်းဒေသဖြစ်သည့်အတွက် ဒေသစိမ်းလန်းစိုပြည်ရေးဖြစ်စေရန် ကျွန်းပင် ၅၀၀၊ သစ်ဆိမ့်ပင် ၅၀၊ သီးပင်စားပင် ၁၀၀၊ အရိပ်ရအပင် ၆၀၀၊ ပန်းအလှပင်မျိုးစုံအပင် ၄၀၀ စိုက်ပျိုးထားပြီး ခြံစည်းရိုးကြက်ဆူပင် ၂၄၀၀ကို ပျိုးထောင်ထား၍ မြေနှစ်ဧကတွင် စိုက်ပျိုးမည်ဖြစ်သည်။ ထို့အပြင် မြေငါးဧကတွင် ခြံစည်းရိုးကြက်ဆူပင် ၆၀၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ကြီးအုံ-ကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းသည် ဆည်ရေကို သိုလှောင်ထိန်းညှိ လွှတ်ပေးလျက် စိုက်ပျိုးရေးကို အထောက်အကူပြုမည့်အပြင် ရေအားလျှပ်စစ်ကိုပါ ထုတ်လုပ်ပေးနိုင်သော ဘက်စုံစီမံကိန်းဖြစ်သဖြင့် ဒေသတွင်း စိမ်းလန်းစိုပြည် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်အတွက် အကျိုးပြုမည့် စီမံကိန်းတစ်ရပ်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မင်္ဂလာဒုံ နဝင်းကျောင်းတိုက် ရန်ပြေမာန်ပြေအေးစေတီတော်ထီးတော်တင်လှူမည်

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပေါင်းငူဥဇာရပ်ကွက် ရွှေနံ့သာကျေးရွာ နဝင်းကျောင်းတိုက်၌ နဝင်းဆရာတော်အားအမှူးပြု၍တပည့် ဒါယကာ၊ ဒါယိကာမများက တည်ထားကိုးကွယ်တော်မူသော ဆုတောင်းပြည့်ရန်ပြေမာန်ပြေအေးစေတီတော်ကြီး ထီးတော်တင် မင်္ဂလာအခမ်းအနားကို ၁၃၆၇ခုနှစ် တန်ခူးလပြည့် (ဧပြီ၂ရက်) နံနက်၉နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၃၆၃)**

မတ်၂၆ရက်က ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်းမှ အထူးဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲ၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။
(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ပဉ္စမအကြိမ်အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၆

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ (ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို လာမည့် မေ ၂၀ ရက် (စနေနေ့) နံနက်၈နာရီတွင် အဆိုပါကောလိပ်၌ ကျင်းပရန် စီစဉ်ထားသည်။ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေအပူဇော်ခံ ကြွရောက်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးနု ဖုန်း-၃၇၀၈၉၀၊ ဦးသာအောင်ကျော် ဖုန်း-၀၇၂-၂၂၂၆၇၊ ဦးခင်မောင်စိုး ဖုန်း-၅၄၈၈၂၅၊ ဦးမဲအောင် ဖုန်း-၀၉-၅၁၄၉၇၉၄၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉/၃၀၅၊ ဦးတင့်လွင် ဖုန်း-၅၆၅၆၄၁၊ ဦးဝင်းလှုံထိန် ဖုန်း-၃၇၉၄၃၇၊ ဒေါ်စန်းနု ဖုန်း-၀၅၆-၂၁၀၃၂၊ ဦးရန်နောင် ဖုန်း-၆၄၀၁၈၈၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း-၅၇၇၀၇၂တို့သို့လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်၊ တိုင်းပညာရေးမှူးများမှ တစ်ဆင့်လည်းကောင်း မေ၃ရက် (စနေနေ့) နောက်ဆုံးထား၍ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်သွယ်ပေးပို့ လှူဒါန်းကြရန်နှင့် မြတ်ဆရာပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

မူးယစ်ဆေးဝါး ရှောင်လေဝေး သင့်အနာဂတ်လှပရေး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် ကြီးအုံ-ကြီး၀ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ စက်ယန္တရားများဖြင့် မြေညှိခြင်း၊ မြေကြိတ်ခြင်း၊ ရေဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မတ်၂၂ရက်က ဤသို့တွေ့ခဲ့ရသည်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကုန်သည်/ စက်မှုအသင်းချုပ်နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို မတ်၃၁ရက်(သောကြာနေ့) မွန်းလွဲ၂နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းချုပ်အသင်းသားများနှင့် အသင်းချုပ်၏ အသင်းဝင်အသင်းများမှ ကိုယ်စားလှယ်များ မပျက်မကွက် တက်ရောက်ကြရန်အကြောင်းကြားထားသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးပစ္စည်း ပညာပေးပိုစတာ၊ နံရံကပ်စာစောင်များပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၂၆

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသို့ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးပစ္စည်း၊ ပညာပေးပိုစတာနှင့် နံရံကပ်စာစောင်များကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency.) (JICA)က လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားနှင့် (JICA)က ငါးလုပ်ငန်းဦးစီးဌာနသို့ လုပ်ငန်းသုံး Toyota Hilux မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ သီရိအဏ္ဏဝါခန်းမဆောင်၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အားပေးသည်။

တွေ့ဆုံနှုတ်ဆက်

ရှေးဦးစွာ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Takahiro Sasaki နှင့်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano လိုက်ပါလျက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး ဧည့်ခန်းမဆောင်သို့လာရောက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းအား တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးပစ္စည်း၊ ပညာပေးပိုစတာနှင့် နံရံကပ်စာစောင်များနှင့် Toyota Hilux မော်တော်ယာဉ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်က ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းသို့ Toyota Hilux မော်တော်ယာဉ်နှင့် စပ်လျဉ်းသည်များကိုလည်းကောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးပစ္စည်း၊ ပညာပေးပိုစတာနှင့်နံရံကပ်စာစောင်များကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်သို့လည်းကောင်း လွှဲပြောင်းပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း ရခိုင်ပြည်နယ်၌ ကြက်သွန်နီစိုက်ခင်းများကြည့်ရှု

ရန်ကုန် မတ် ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းသည် မတ် ၂၁ ရက်တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ဆင်အိုးကျွန်း၌ မြေယာသစ်ဖော်ထုတ် စိုက်ပျိုးလျက်ရှိသည့် ရွှေဝါကုမ္ပဏီ၏ ဆောင်းကြက်သွန်နီစိုက်ခင်းကိုလည်းကောင်း၊ ကျောက်တော်မြို့နယ် ပိုက်သယ်ကျေးရွာ ကစ္ဆပနဒီတံတားအနီးရှိ ရွှေဝါကုမ္ပဏီနှင့် ကျောက်တော်တပ်နယ်မိသားစုများက ဖော်ထုတ်စိုက်ပျိုးလျက်ရှိသည့် ကြက်သွန်နီစိုက်ခင်းများကိုလည်းကောင်း၊ မတ် ၂၂ ရက်တွင် မင်းပြားမြို့နယ် တန်ရှင်ကျေးရွာအုပ်စု ဆတ်ကျောကျေးရွာရှိ ဒေသခံတောင်သူများနှင့်ကုမ္ပဏီများ အကျိုးတူ စိုက်ပျိုးထားသည့် ဆောင်းကြက်သွန်နီစိုက်ခင်းကိုလည်းကောင်း၊ မြောက်ဦးမြို့နယ် နန်းကြာကျေးရွာရှိ ရွှေမေတ္တာကုမ္ပဏီ၏ ကြက်သွန်နီစိုက်ခင်းကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တီဘီရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ် ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့၌ကျင်းပ

ရန်ကုန် မတ် ၂၆

၂၀၀၆ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ရက် နံနက်၉နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဗိုလ်ချုပ်လမ်း မူယာပင်ရပ် သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။

ဆုများချီးမြှင့်

အဆိုပါ အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) တိုင်းကျန်းမာရေးကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်က အဖွင့်အမှာစကားပြောကြားသွားသည်။ ထို့နောက် ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက ကျန်းမာရေးဝန်ကြီးဌာနမှ ပေးပို့သည့် ဝန်ကြီး၏သဝဏ်လွှာအား ဖတ်ကြားသည်။ ယင်းနောက် "တီဘီရောဂါကင်းစင်ဖို့၊ အားလုံးပါဝင်ဆောင်ရွက်စို့" ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စာစီစာကုံး ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား (အနောက်ပိုင်းတိုင်းခွဲ) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့် (အနောက်ပိုင်းတိုင်းခွဲ) ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းတို့က အသီးသီးဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် သူနာပြုသားဖွားဆရာမများက ဂီတစာဆို ဟသ်ာတမြင့်ဌေ ရေးသားသီကုံးသော **"အားလုံးပါဝင် တီဘီကင်းစင်"** တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၂၆

ဦးသိန်းဟံ(အငြိမ်းစားစက်ရုံမှူး)သည် သန်လျင်ဂေါက်ကလပ်၌ မတ် ၁၉ရက် ညနေ၅နာရီက ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၇သို့ ၉၂ကိုက်အကွာမှ Top Point No-2 ဘောလုံးကို Call Away No-9 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးကျော်ရှိန်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း)၊ ဦးအောင်ဒင်(အကြံပေးအရာရှိ MPE)၊ ဦးမြင့်ဦး[စက်မှုကြီးကြပ်အင်ဂျင်နီယာ၊ အမှတ်(၁)ရေနံချက် စက်ရုံ၊ သန်လျင်]တို့နှင့်အတူ ကစားခဲ့ကြောင်းသိရသည်။ **(က-ပ)**

အဆင့်မြင့်တန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲဆက် စီးပွား/ကူးသန်းအသင်းကွာတားဖိုင်နယ်တက်ရောက်

ရန်ကုန် မတ် ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီ၄၅မိနစ်က အောင် ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက ရထားပို့ဆောင်ရေးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်းအတွက် ပထမဂိုးကို ပွဲစပြီး၁၀မိနစ်အကြာတွင် ကျော်ဇင်ဝင်းက သွင်းယူပေးသည်။ ဒုတိယဂိုးကို ၆၅မိနစ်တွင် မာလက ကန်သွင်းရာ ဂိုးတိုင်ထိပြီးဂိုးဝင်သွား၍ ရရှိခဲ့သည်။ တတိယဂိုးကို ၇၅မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဇော်လင်းထွန်းက ကန်သွင်းယူသည်။ စီးပွား/ကူးသန်းအသင်းသည်ကွာတား ဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ရာ ဧပြီ၄ရက်တွင် စွမ်းအင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲမရှိ

မတ်၂၇ရက်**(ယနေ့)**တွင်ပွဲမရှိဘဲ မတ်၂၈ရက် ညနေ၃နာရီ၄၅မိနစ်တွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးအသင်း ဒရော့ဘာ၏နှစ်ဂိုးဖြင့် မန်စီးတီးကိုနိုင် ဂျရတ်စောစီးစွာထွက်ရသော်လည်း အယ်ဗာတန်က လီဗာပူးကိုမနိုင်

လန်ဒန် မတ် ၂၆

ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၁)ပြိုင်ပွဲများကို မတ်၂၅ရက်ကယှဉ်ပြိုင်ကစားခဲ့ကြရာ လီဗာပူး၊ ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်းအသင်းတို့ အသီးသီးအနိုင်ရရှိကြပြီး ရမှတ်များ တိုးလာကြသည်။

လီဗာပူးအသင်းနှင့် အယ်ဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် လီဗာပူးမှဟယ်ရီကီးဝဲလ် (ရှေ့) ဘောလုံးကိုကာကွယ်ထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လီဗာပူးအသင်းနှင့် အယ်ဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် လီဗာပူးအသင်းမှ စတီဗင်ဂျာရတ်စောစီးစွာထွက်သွားရသော်လည်း အယ်ဗာတန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ဂျရတ်သည် ဘောလုံးကိုအဝေးသို့ကန်ထုတ်လိုက်ပြီး ကယ်လ်ဘိန်းကို စိန်ခေါ်ခဲ့သဖြင့် နှစ်ဝါတစ်နီထိကာ ပြိုင်ပွဲမှ ၁၈မိနစ်အတွင်းထွက်သွားရသည်။ လီဗာပူးအသင်းသည် အယ်ဗာတန်ကစားသမား နီဗယ်လ်၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းသည့်ဂိုးနှင့် လူးဝစ်ဂါစီယာတို့၏ သွင်းဂိုးကြောင့် သုံးမိနစ်အတွင်း နှစ်ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ နီဗယ်လ်က ပွဲချိန်၄၅မိနစ်တွင် ကိုယ့်ဂိုးကိုယ်ပြန်သွင်းပြီး လူးဝစ်ဂါစီယာက ပွဲချိန်၄၇မိနစ်တွင် လီဗာပူးအသင်းအတွက် ဒုတိယမြောက်ဂိုးသွင်းခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ချယ်လ်ဆီးမှ ဂျွန်တယ်ရီ (ဝဲ) ခေါင်းခုန်တိုက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပွဲချိန် ၆၁ မိနစ်တွင် တင်ကာဟေးလ်က အယ်ဗာတန်အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းပြီးနိုင်ခဲ့သည်။ သို့ရာတွင် ပွဲချိန် ၇၂မိနစ်တွင် အယ်ဗာတန်မှ လူစားဝင်ကစားသည့် ဗင်ဒါမေဒီသည် လီဗာပူးကစားသမား ကီးဝဲလ်ကို တံတောင်ဖြင့်တွက်ခဲ့မှုကြောင့် နှစ်ဝါတစ်နီထိပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပြန်သည်။

စတီဗင်ဂျရတ်၏ ပထမဆုံးအဝါကတ်မှာ အလွန်ဆိုးပြီး ကယ်လ်ဘိန်းကို ကြမ်းတမ်းစွာ ကစားခဲ့ပြီးနောက် ဘောလုံးကို အဝေးသို့ကန်ထုတ်ခဲ့မှုကြောင့် ဒိုင်လူကြီးက အဝါကတ်ပြခဲ့သည်။ ယင်းနောက် စက္ကန့်၄၀အကြာ ဂျရတ်သည် ဒုတိယအကြိမ် အဝါကတ်ထိပြီး ကွင်းအတွင်းမှ စောစီးစွာ ထွက်ခဲ့ရခြင်းဖြစ်သည်။

ခြိမ်းခြောက်ကစား

ယင်းနောက် အယ်ဗာတန်က လီဗာပူးအသင်းအား ဖိကစားလာခဲ့ရာ တင်ကာဟေးလ်စောစီးစွာ ဂိုးသွင်းခွင့် နှစ်ကြိမ်ရခဲ့သည်။ လီဗာပူးအသင်းသည် ပြီးခဲ့သောသီတင်းပတ်က ဘာမင်ဂမ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သဖြင့် စိတ်ဓာတ်ရေးရာ တက်လာခဲ့ကာ ဘောလုံးပိုင်ဆိုင်မှုကောင်းခဲ့ပြီး ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။

ပထမပိုင်းပွဲပြီးရန် နီးလာချိန်တွင် အယ်ဗာတန်ကစားသမား နီဗယ်လ်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းလိုက်၍ လီဗာပူးတို့အချောင်လက်ဆောင်ဂိုးရလိုက်သည်။ နီဗယ်လ်သည် ဂျွန်အာနီရီဆီကန်လိုက်သော ထောင့်ကန်ဘောကို ခေါင်းခုန်တိုက်ရန် ကြိုးစားရာမှ ကံမကောင်းစွာဖြင့် ဂိုးသမားရိုက်စ်ကို ကျော်ဖြတ်ကာ ဂိုးဝင်သွားခဲ့သည်။

ပွဲချိန်မှာ တစ်နာရီကျော်ကြာသွားသော်လည်း အယ်ဗာတန်တို့ ချေပဂိုးမသွင်းနိုင်သဖြင့် နည်းပြ ဒေးဗစ်မိုရက်စ်သည်းခံနိုင်မှုများနည်းကာ ဒေါသထွက်လာရသည်။ ၁၀ ယောက်တည်းဖြင့် လီဗာပူးအသင်းကို ချေပဂိုးမသွင်းနိုင်ခြင်းကြောင့် ပို၍သည်းခံနိုင်စွမ်းမရှိ ဖြစ်လာသည်။

ငင်းသည် ပွဲချိန် ၆၁မိနစ်တွင် တင်ကာဟေးလ်က လီယွန်အော့စမန်၏ ထောင့်ကန်ဘောမှတစ်ဆင့်ခေါင်းတိုက်ချေပဂိုးသွင်းပေးလိုက်၍ စိတ်သက်သာရာပြန်ရပြီး ထိုင်ခုံ၌ ပြန်ထိုင်လိုက်သည်။

ထိုနေ့က ချယ်လ်ဆီးအသင်းသည် အိမ်ကွင်း၌ မန်စီးတီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ တိုက်စစ်မှူးဒရော့ဘာက ပထမပိုင်းပွဲချိန် မိနစ်၃၀နှင့် ၃၃ မိနစ်တို့တွင် နှစ်ဂိုးစလုံးကိုသွင်းယူပေးခဲ့သဖြင့် ချယ်လ်ဆီးတို့ သက်သောင့်သက်သာဖြင့်ကစားကာ အနိုင်ရရှိသွားသည်။

ဒရော့ဘာသည် သူ၏ ယခုနှစ်ရာသီတွင် ချယ်လ်ဆီးအသင်းအတွက် ၁၃ဂိုးမြောက်ကို ဂတ်ဂျွန်ဆင်ဖြတ်ပို့သော ဘောလုံးမှတစ်ဆင့် သွင်းယူလိုက်ခြင်းဖြစ်သည်။ ငင်းသည် ပွဲချိန် ၃၃မိနစ်တွင် ဘောလုံးကိုလက်ဖြင့်တိုက်ချသယ်ယူသွားပြီး မန်စီးတီး နောက်တန်းလူများကြား ခြောက်ကိုက်ခန့်အကွာမှ သွင်းယူလိုက်ပြန်သည်။

သံသယဖြစ်

မန်စီးတီးကစားသမား ဒစ်စတင်သည် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရပြန်သည်။ သို့ရာတွင် ဒရော့ဘာ၏ ဒုတိယမြောက်ဂိုးနှင့်ပတ်သက်၍ ဒိုင်လူကြီးအနေဖြင့် အနည်းငယ် သံသယဖြစ်နေမိသည်ဟုဆိုသည်။

ဂတ်ဂျွန်ဆင်နှင့် ဒရော့ဘာတို့သည် အဖွင့်ဂိုးမသွင်းမီ ဂိုးသွင်းခွင့်များလွဲချော်ခဲ့ရသည်။ ဂတ်ဂျွန်ဆင် လျှောတိုက်ပြီး အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာထံ ထိုးပေးလိုက်သော ဘောလုံးမှာ ဒရော့ဘာက ဆွမ်မီးကိုလိမ်ပြီး ၁၂ကိုက်အကွာမှ ကန်သွင်းရာ ဂိုးသမား ဒေးဗစ်ဂျိမ်းစ် မလွတ်တမ်း ကာကွယ်လိုက်နိုင်သည်။

မန်စီးတီးဂိုးသမား ဒေးဗစ်ဂျိမ်းစ်သည် ဂျွန်တယ်ရီ အပိုင်သွင်းယူသော ခေါင်းတိုက်ဂိုးကိုလည်း ကာကွယ်နိုင်ခဲ့သည်။

အခြားပွဲရလဒ်များ

အက်စ်တွန်ဗီလာ	ဂိုးမရှိ	-	ဂိုးမရှိ	ဖူဟမ်
ဆန်းဒါးလင်း	ဂိုးမရှိ	-	တစ်ဂိုး	ဘလက်ဘန်း
ဝီဂန်	တစ်ဂိုး	-	နှစ်ဂိုး	ဝက်စ်ဟမ်း

တနင်္ဂနွေနေ့ ညပွဲ

မန်ယူ	သုံးဂိုး	-	ဂိုးမရှိ	ဘာမင်ဂမ်။

(အင်တာနက်)

စုစည်းတင်ပြသူ - မြင့်မောင်စိုး

ပရိတ်ကြီး (၁၁) သုတ်
(ဆရာတော် VCD)

Y.E.S. Since 1994
Basic Spoken English : Mar - 14, 18, 25, 28
Grammar Foundation Course: Mar-25, 28
Pre-Intermediate English: Mar -18, 20, 28
Basic Writing Course (BWC) : Mar - 28
iBT TOEFL , IELTS , API (4-Skills),
SAT , AWC , IWC , VEC , IE
No. 190, 2nd Flr, 28th St (Upper), Pabedan Tsp ☎ 243950

THE VOICE Weekly

Fashion
၂၇-၃-၂၀၀၆ မှ ၁၁-၄-၂၀၀၆ ထိ
Discount.
10 to 30 %

အမြန်အလိုရှိသည်
(ပုံဆွဲပညာ)
(ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ ယဉ်ကျေးမှုတက္ကသိုလ်နှင့် ပန်းချီပန်းပုကျောင်းဆင်းများ၊ ပန်းချီပညာရပ် ကျွမ်းကျင်သူများ လျှောက်ထားနိုင်ပါသည်။ (ကျား/မ)

၂။ အသက်(၁၈)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။

၃။ ပုံဆွဲပညာရပ်တွင် အမှန်တကယ်စိတ်ဝင်စားစွာ ရေးဆွဲနိုင်သူများကို ဦးစားပေးပါမည်။ လူဦးရေကန့်သတ်ထားပါသည်။

၄။ မိမိကိုယ်ပိုင်စိတ်ကူးဖြင့် (ခဲဖြင့်)ရေးဆွဲထားသော ပုံတစ်ပုံနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ အလုပ်သမားမှတ်ပုံတင်ယူဆောင်လာခဲ့ရမည်။

ဆက်သွယ်ရန်

အမှတ် ၁၀(ဘီ)၊ နီကောရိပ်သာ၊ နီကောလမ်း၊ မရမ်းကုန်းမြို့နယ် (ပြည်လမ်း အေဒီမှတ်တိုင်ဆင်း၍ ပါရမီလမ်းအတွင်းသို့ ဝင်ခဲ့ပါရန်)။

အင်အား အသင့်အတင့် မြေငလျင်လှုပ်

ရန်ကုန် မတ် ၂၆

ယနေ့ မြန်မာစံတော်ချိန် နံနက်၂နာရီ၄၅မိနစ် ၁၀စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၄၂၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဟားခါးမြို့အနီး)နေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၅ ဒသမ၂အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။

(သတင်းစဉ်)

အမည်ပြောင်း

OK

ညီညီမြင့်သုနာပြုအကူသင်တန်း
အလုပ်အကိုင်ရရှိရန်အာမခံသည်
516099(Ex-4659),09-51-26938

KMD Computer Centre
ကွန်ပျူတာအခြေခံသင်တန်း i-Office
Duration 80 Hours

ကွမ်းရှက်ပုံ

မြန်မာနှစ်သစ်ကူးအကြိုအထူးအစီအစဉ်
နံရံကပ် Wall Covering Design (51) မျိုး :10% Discount အလိပ် (100) အထက် : 15% Discount အချိန်ကာလ : 11th April' 2006
Type (A) 8,500/- Type (B) 9,500/- Type (C)12,500/-
THREE FRIENDS CONSTRUCTION CO.,LTD.
CONSTRUCTION, DESIGN, DECORATION & ENGINEERING
Ph: 01-201121, 294864, 201478, 09-50-11443, 09-50-10289, 01-294227 Ext; 4117

ဖွံ့ဖြိုးတိုးတက်နေသော မကွေးတိုင်းသို့ ခရီးတစ်ခေါက်ရောက်ခဲ့ရာဝယ်

ပုလဲငွေရည်နှင်းပျို့၊ လေသွင်းချို့သုတ်ခါ
ရွှေတွင်းမြို့ ဥတ္တရာဝယ်၊ ရက္ခမာသာမော
နွဲ့ကြူးဆင့်ကဲ ထူးလှိုင်သည်၊ လဲဘူးမြိုင် ပန်းစုံတဲ့တော
စိမ့်စမ်းကျ ထွေထွေသွန်၊ ရေတံခွန်ကျလျော
ဟေမဝန်မြကြော၊ နံ့သာတောရင့်မှုံ
လှလိုက်တာ ပင်နပ်ခါး၊ ရှင်နတ်များစိုက်ထားသည့်ပုံ
အရိုးက ကတိုးထုံသည်၊ အခိုးစုံ ပင်စည်လျှောက်ပါလို့
အခေါက်ကလေးတာရာ၊ မွှေးတဲ့နံ့သာ
ရွှေတသန်းဘွေမန်းညာမှာ၊ ရွှေဂန္ဓာဆင်မြန်းဖို့လေး။ ။

စုံနံ့သာမြိုင် ဦးကြော့

တပို့တွဲလ ကုန်ခါနီးမို့ နံနက်ဝေလီဝေလင်း နှင်းမှုန်တွေ ဝေ့ဝေ့ဝဲနေသည်။ နံနက်ခင်း လေပြည်နုသွေးတိုင်း သနပ်ခါးနံ့က သင်းပျံ့မွှေးကြိုင်နေသည်။ မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံသော တောင်တွင်းကြီးမြို့၏ နံနက်ချိန်ခါဖြစ်သည်။ မြန်မာအမျိုးသမီးတို့၏ ပါးပြင်တိုင်းတွင် သနပ်ခါးကို ရိုးရာအမွေနံ့သာအဖြစ် တန်ဖိုးထားကာ မှုန်နံ့သာခြယ်ခဲ့ကြ၍ စာဆိုတော် ဦးကြော့က တောင်တွင်းကြီးသနပ်ခါးအကြောင်းကို ဂုဏ်ပြုတင်စား ဖွဲ့ဆိုခဲ့သည်။

စာရေးသူတို့သည် လယ်ကိုင်းကျောင်းတော်ရာနှင့် ရွှေစက်တော်သို့ ဘုရားဖူးသွားစဉ် တောင်တွင်းကြီးမြို့သို့ ခေတ္တဝင်ရောက်ရပ်နားခြင်း ဖြစ်သည်။ ထို့နောက် မကွေးသို့ ဆက်လက်ထွက်ခွာခဲ့သည်။ လယ်ကိုင်းကျောင်းတော်ရာ၊ ရွှေစက်တော်၊ မကွေးမြသလွန်တို့သည် မြတ်စွာဘုရား ကိုယ်တော်တိုင်ကြွရောက်ပြီး သီတင်းသုံးတော်မူခဲ့ရာ ဗုဒ္ဓဂါယာဒေသဖြစ်သည်။ မြသလွန်စေတီတော်ကြီးကို ဦးစွာပထမ ဖူးမြော်ခဲ့ကြသည်။

မကွေးမြို့နှင့် မင်းဘူးသို့ဆက်သွယ်ပေးထားသော ဂုဏ်ထူးဆောင် မြန်မာ့သမိုင်းဝင် ဧရာဝတီမြစ်ကူးတံတား(မကွေး)ပေါ်သို့လည်း ရောက်ခဲ့သည်။ မကွေးတံတားကြီးပေါ်တွင် ဧရာဝတီမြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကို ထိတွေ့ခံစားရသည်။ ဧရာဝတီနှင့် မြန်မာ့သမိုင်းသည် ဒွန်တွဲလျက်ရှိသည်။ လွန်ခဲ့သောနှစ် ၁၅ သန်းမှ ဖြစ်ပေါ်တည်ရှိခဲ့သော ဧရာဝတီသည် လွန်ခဲ့သောနှစ် သန်း ၄၀ မှ ဖြစ်ပေါ်တည်ရှိခဲ့ရသော မြန်မာမျိုးနွယ်စု အကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိနေသည်။ ယနေ့ထက်တိုင် တည်ရှိနေသော မြန်မာ့သမိုင်းမြို့တော်ဟောင်းများသည် ဧရာဝတီမြစ်ကမ်းပါးတွင် တည်ရှိကြသည်။ တောင်တွင်းကြီးမြို့တွင် အေဒီ ၁ ရာစုမှ စတင်ပေါ်ထွန်းခဲ့သော ဗိဿနိုးမြို့တော်ဟောင်းကို တူးဖော်ခဲ့ရာမှ တွေ့ရှိရသော အထောက်အထားများသည် အေဒီ ၁ ရာစုမှစ၍ မြန်မာမျိုးနွယ်စုတို့ ဤမြေပေါ်ဝယ် ယဉ်ကျေးမှုကို တည်ဆောက်မြှင့်တင်လာခဲ့ကြောင်း သမိုင်းသက်သေပြနေပေသည်။ ထိုဗိဿနိုးမြို့ကို အမှီပြု၍ ပေါ်ပေါက်ခဲ့ရသော ပန်ထွာမင်းသမီး၏ ပုံပြင်ဆန်ဆန် ဇာတ်လမ်းသည် မြန်မာတို့၏ နှလုံးသည်းပွတ်ဝယ် စိမ့်ဝင်ခိုတွယ်နေခဲ့သည်။

အိပ်ရာဝင်ပုံပြင်ဖြစ်သော်လည်း သမိုင်းကြောင်းရှည်လျားသော မြန်မာမျိုးနွယ်စုတို့အတွက် ယဉ်ကျေးသော၊ လေးနက်သော အတွေးအခေါ်များ ပေးနေဆဲဖြစ်သည်။ စာရေးသူသည် ယခုဆယ်စုနှစ်အတွင်း တည်ဆောက်ပေါ်ထွန်းလာသော ဧရာဝတီတံတား(မကွေး)၊ လွန်ခဲ့သော နှစ် ၁၅ သန်းမှ ပေါ်ပေါက်ခဲ့သော ဧရာဝတီမြစ်ကြီးနှင့် အေဒီ ၁ ရာစု၌ ဖြစ်ထွန်းခဲ့သော ဗိဿနိုးမြို့ဟောင်းတို့ကို ဆက်စပ်စဉ်စား ပီတိပွားခဲ့ရသည်။

မင်းဘူးဘက်သို့ အရောက်တွင် ဧရာဝတီမြစ်၏ အနောက်ဘက်တောင်ကုန်းပေါ်၌ တည်ရှိသော ရှင်ပင်စက္ကိန်းတည်း စေတီတော်ကြီးကို ဝင်ရောက်ဖူးမြော်ခဲ့သည်။ မင်းဘူးမြို့၏အနောက်ဘက် တစ်မိုင်ခန့်တွင်တည်ရှိသော အလွန်လှပ ရှုချင်စဖွယ်ကောင်းသည့် နဂါးပွက်တောင်ကိုလည်း တွေ့မြင်ခဲ့ရသည်။ မင်းဘူးမြို့ထဲတွင် မြန်မာစာပေသမိုင်း၌ အလွန်ထင်ရှားသော ဆရာတော် မင်းဘူးဦးသြဘာသ၏ (သုဝဏ္ဏသာမဇာတ်နှင့် ဘူရိဒတ်ဇာတ်တော်မှ တစ်ပါး) ဇာတ်ကြီးဆယ်ဘွဲ့ကို ပြုစုရေးသားခဲ့သည့်နေရာတွင် တည်ထားသည့်သိမ်တော်ကြီးစေတီကို ဖူးမြော်ခဲ့သည်။

မင်းဘူးမြို့မှ မြောက်ဘက် ၁၀ မိုင်ခရီးရှိသော စကုမြို့သို့ မော်တော်ကားဖြင့်ကျော်လွန်၍ အရှေ့အရပ်သို့ ၉ မိုင်ခန့် ခရီးဆက်ခဲ့ရာ မင်းဘူးနယ်အတွင်းရှိ လယ်မြေများသို့ သီးနှံဖွံ့ဖြိုးရေးအတွက် ရေပေးသွင်းလျက်ရှိသော ရေးမြန်မာမင်းများလက်ထက်ကတည်းက တည်ဆောက်ခဲ့သည့် (အိုင်မ)ဆည်ကြီးပါ တွေ့မြင်ခဲ့ရသည်။ ရှေ့သို့ ခရီးဆက်၍ ရွှေစက်တော်ဘုရားဖူးကားများ အနားယူစခန်းဖြစ်သော မန်းချောင်းကို ဖြတ်ကျော်သည့် ဆည်တော်စခန်းတွင် ခေတ္တအနားယူကြသည်။ ထို့နောက် သပြေစခန်း၊ ရိုးကြီးစခန်း၊ ကံပေါက်စခန်း၊ လုပ်ဆေးချောင်းစခန်း၊ တည်ပင်ကျောစခန်း၊ ကင်းမိတ်စခန်း၊ သမုံးချောင်းစခန်း၊ ကျောက်တန်းစခန်း၊ လှေတင်စခန်းနှင့် ဘုရားရွာကိုကျော်လွန်၍ ဆည်တော်စခန်းမှ ခုနစ်မိုင်ခရီးဖြင့် ရွှေစက်တော်ဘုရားတောင်ခြေသို့ စာရေးသူတို့ရောက်ခဲ့ကြသည်။

ရွှေစက်တော်ဘုရားကို နှစ်စဉ်နှစ်တိုင်း တပို့တွဲလဆန်း ၅ ရက်နေ့မှ တပေါင်းလပြည့်နေ့တိုင်အောင် ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

ရွှေစက်တော်သည် မန်းချောင်း၏အနောက်ဘက်ကမ်းခြေတွင် မြတ်စွာဘုရားခြေတော်ရာ ချတော်မူခဲ့သည့် အောက်စက်တော်ရာဖြစ်ပြီး ကျန်ခြေတော်ရာတစ်ဆူမှာ မန်းချောင်း၏အရှေ့ဘက်ကမ်း တောင်ပေါ်ထိပ်တွင် ချတော်မူခဲ့သည့် အထက်စက်တော်ရာ ဖြစ်သည်။

မန်းချောင်း၏ ရေအလျင်သည် အလွန်ကြည်လင်စိမ်းမြအေးချမ်းလှသည်။ ကျောက်တောင်၊ ကျောက်သား၊ ကျောက်တုံး၊ ကျောက်ခက်တို့ကို ကွေ့ပတ်ရစ်ခွေ၍ စီးဆင်းလာသည့် မန်းချောင်းရေကို ချိုးလိုက်ရသည့်အခါ ခရီးပန်းလာသော ဘုရားဖူးများ၏နှလုံးသားကို စိမ့်ဝင်အေးမြ လန်းဆန်းသွားစေသည်။ မန်းချောင်းနံဘေးတွင် ဘုရားဖူးများတည်းခိုရန် ဘန်ဂလိုကလေးများ အစီအရီ ရှိနေသည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

စာရေးသူတို့သည် ရွှေစက်တော်နှင့်တကွ အနီးအနားတွင်တည်ထားသော ဘုရားစေတီများကို ဖူးမြော်ပြီး အပြန်ခရီးတွင် စကုမြို့မှ မြောက်ဘက် ၆ မိုင် ခရီးရှိသော လယ်ကိုင်းမြို့ကိုကျော်လွန်၍ အရှေ့ဘက်သို့ လေးမိုင်ခရီး ဆက်ခဲ့ကြသည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က သီတင်းသုံးတော်မူခဲ့သော စန္ဒကူးနံ့သာသားဖြင့် ဆောက်လုပ်ထားသည့်“ဂန္ဓာရုံကျောင်းတော်ရာစေတီတော်ကြီး”အား ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ထို့နောက် ကျောင်းတော်ရာစေတီတော်ကြီး၏ အရှေ့ဘက် ငါးဖာလုံခန့်၊ မုန်းမြစ်ကမ်းပေါ်တွင်တည်ရှိသော ဘူးသည်ရွာ ဆင်ခြေဖုံးကမ်းနဖူးတွင် ဝါတွင်းအခါလာရောက်ကြကုန်သော ငထွေကြီးများအား အစာကျွေးမွေးရာနေရာကိုလည်း သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ယနေ့ခေတ် ယနေ့အခါတွင် နိုင်ငံတော်ကြီး အမျိုးသားများစည်းလုံးညီညွတ်မှု စွမ်းအားအခြေခံကောင်းများ ရရှိလာသည်။ အခြားပြည်နယ်၊ တိုင်းများနည်းတူ မကွေးတိုင်းကို နိုင်ငံတော်က ရွှေအိုးကြီးမြှုပ်ပေးသည့်နှယ် ဆည်တမံများ တည်ဆောက်ပေးထားသည်၊ လမ်းသစ်များ ဖောက်၍ တံတားသစ်များဆောက်ပေးထားသည်။ ရွှေဝါစပါးခင်းများညို့မှိုင်းလျက် ဆည်တမံ ဘက်စုံစီမံကိန်းများမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကလည်း နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အထောက်အကူ ပြုနေသည်။

စာရေးသူတို့သည် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် ကြီးအုံ-ကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ဝင်ရောက်လေ့လာခဲ့သည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂၇ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များလာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့လာရောက်စဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက-

“စီမံကိန်းများ ဆောလျင်စွာပြီးစီးသည်နှင့်အမျှ ပြည်သူများ အကျိုးကျေးဇူးအမြန်ဆုံးရသည်ဖြစ်သဖြင့် လုပ်ငန်းများသတ်မှတ်ချိန်အမီ စံချိန်စံညွှန်းပြည့်မီစွာပြီးစီးရေး ကြိုးစားဆောင်ရွက်သွားကြရန်နှင့် အလေအလွင့်မရှိအောင်ထိန်းသိမ်းပြီး လုပ်ငန်းများ မြန်ဆန်ထိရောက်အောင်ဆောင်ရွက်ကြရန်”

မှာကြားခဲ့ကြောင်းလေ့လာ သိရှိရသည်။

ဆက်လက်၍ မုန်းချောင်းဆည်ရေဖြင့် ရေသောက်ဧရိယာတိုးချဲ့ဖော်ထုတ်ရေးနည်းလမ်းသုံးသွယ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်၊ စိုက်ပျိုးရေပေးဝေရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှု တွဲဖက်ထားသော ဘက်စုံရေလှောင်တမံစီမံကိန်းများတွင် သီးနှံစိုက်စွမ်းအားတိုးတက်စေရန်နှင့် ရေအားလျှပ်စစ်လုပ်ငန်းအတွက် ရေအလျင်မပြတ်စေရန် ရည်မှန်းပြီး အထိရောက်ဆုံးသီးနှံစိုက်ပျိုးမှု အစီအစဉ်(Crop Pattern) နှင့် ရေပေးဝေမှုကို စနစ်တကျ ရွေးချယ်စီစဉ်ဆောင်ရွက်ကြမည်၊ ချမှတ်ထားသည့် သီးနှံစိုက်ပျိုးမှုအစီအစဉ်အတိုင်း တစ်ခွင်တစ်ပြင်လုံး တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးရေးအတွက် တောင်သူလယ်သမားများနှင့်အတူ စည်းရုံးဆောင်ရွက်သွားမည့် အစီအမံများကိုလည်း ကြားသိခဲ့ရသည်။

စာရေးသူတို့သည် ကြီးအုံ-ကြီးဝ ရေလှောင်တမံတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရေလွှဲမြောင်းအတွင်း ရေစီးဆင်းမှု၊ ရေလွှဲမြောင်းဖြတ် ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှုနှင့် မြေသယ်ယာဉ်ကြီးများ တံတားပေါ်မှ ဖြတ်သန်း၍ တမံဖို့မြေများသယ်ဆောင်နေမှု၊ တမံမြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်မှုများ တို့ကိုလည်း မြင်တွေ့လေ့လာခဲ့ရသည်။

ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်သည့် ကြီးအုံ-ကြီးဝ တမံသည် ဇုန်အမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၆၄ ပေ၊ ပင်မတမံ ပေ ၃၂၈၀၊ ကန်ရေပြည့် ရေလှောင်ပမာဏဧကေ ပေ၄၆၃၀၀၀၊ ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာဧက ၁၀၈၆၀ ရှိသည်။ တမံစီမံကိန်းပြီးစီးပါက မဲဇလီရေလှောင်တမံမှတစ်ဆင့် စိုက်ပျိုးမြေ ၉၆၇၇၇ ဧကနှင့် သီးထပ်အဖြစ် နွေစပါး ၇၄၀၀၇ ဧကကိုလည်း စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။ ဆက်စပ်တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်လုပ်ငန်းမှ နှစ်စဉ် ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀ ကို ထုတ်လုပ်ပေးနိုင်ကြောင်းလည်း ဝမ်းမြောက်ဖွယ် သိရှိခဲ့ရသည်။

မကွေးတိုင်းသို့ စာရေးသူတို့ရောက်ရှိခဲ့ရာ အမျိုးချစ်သူ၊ တိုင်းပြည်ချစ်သူ၊ ဘာသာသာသနာ လေးစားသူတို့ စည်းလုံးညီညွတ်စွာ ဒေသဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်း တည်ဆောက်နေကြပုံများကို အားတက်ဖွယ်တွေ့မြင်ခဲ့ရသည်။

စာရေးသူတို့သည် ဆက်လက်၍ မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ဖူးရွာရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိလေ့လာခဲ့သည်။ မုန်းချောင်းကို အခြေခံပြီး ဆောင်ရွက်နေသည့် မုန်းချောင်းရေလှောင်တမံစီမံကိန်း၊ ဖူးရွာရေလှောင်တမံစီမံကိန်းနှင့် ကြီးအုံ-ကြီးဝ ရေလှောင်တမံစီမံကိန်းများကို ရည်မှန်းချက်နှင့်အညီ အကောင်အထည်ပေါ်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ဖူးရွာရေလှောင်တမံစီမံကိန်းသည် မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံအထက်ဘက် ၁၃ မိုင်ခန့်အကွာ ဖူးရွာအနီး မုန်းချောင်းအပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး မြေသားတမံအမျိုးအစား ဖြစ်သည်။ တမံအမြင့် ၂၄၃ ပေ၊ အလျားပေ ၆၀၄၀ ရှိ၍ ကန်ရေပြည့်ရေပြင် ကျယ်ဧရိယာမှာ ဧက ၈၇၃၀ ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၂၀ ထုတ်လုပ်နိုင်မည့်အပြင် မုန်းချောင်းရေလှောင် တမံနှင့် ကြီးအုံ-ကြီးဝ တမံတို့ကို ရေကူအားဖြည့် ပေးနိုင်မည်ဖြစ်သည်။

လွန်ခဲ့သည့်နှစ်သန်း ၄၀ မှ လူသားမျိုးနွယ်တို့၏ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိရသည့် ပုံတောင်ပုံညာတောင်ဒေသသည် မကွေးတိုင်း၌ပင် ရှိသည်။ မြန်မာ့သမိုင်းဦးအစ ဖြစ်သည့် အေဒီ ၁ ရာစုမှ စတင်ယဉ်ကျေးဖွံ့ဖြိုး တိုးတက်ခဲ့သော သမိုင်းအထောက်အထားသည် မကွေးတိုင်း၌ ရှိနေသည်။

မျက်မှောက်ခေတ် မြန်မာ့သမိုင်း၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအခြေခံအဆောက်အအုံများကိုလည်း မကွေးတိုင်း၌ လေ့လာတွေ့ရှိခဲ့ရသည်။ စာရေးသူတို့ အပြန်ခရီးတွင် မကွေးတိုင်း ချောက်မြို့နယ်၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအရ ဧရာဝတီမြစ်ရေတင်စနစ်ဖြင့် တမာကြီးပင်နှင့် အခြားပင်များ စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေပုံများကို တွေ့မြင်ခဲ့ရပြန်သည်။ မကွေးတိုင်း ခရီးတစ်ခေါက် ရောက်ခဲ့ရာတွင် အနာဂတ်အတွက် အလားအလာကောင်းများ၊ အခြေခံကောင်းများကို မြင်တွေ့လေ့လာ ပီတိဖြစ်ခဲ့ရပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မတ် ၁၈ ရက်က တောင်ငူ မြို့နယ် စည်ပင် သာယာ ရေးအဖွဲ့ပိုင် ကန်တော်ကြီး ပန်းဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင် ထားရှိမှုနှင့်မြေယာရှုခင်း အလှ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ခေတ္တအမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်သူဝင်းနှင့် ဒေါ်တင်ဌေးဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပလက်ဝ မြို့နယ်စည်ပင် သာယာရေး အဖွဲ့က ဆောင်ရွက်သော မြေနီကုန်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၀ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇေယျနှင့် အမှုဆောင်အရာရှိ ဦးထွန်းလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

နောင်ချိုမြို့နယ်၌ ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်

နောင်ချို မတ် ၂၀

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သော နမ့်ဆောင်ဟူး-နောင်လင်-သရက်ကုန်း-ညံတော-ဖာသွန်း- နောင်ချိုကြီး-ကံကြီး ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲကို မတ် ၁၅ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းမောင်တို့က ကျေးရွာချင်းဆက် မြေသားလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းကိုကြည့်ရှုစစ်ဆေးကြသည်။**(အောက်ပုံ)**

အဆိုပါ ကျေးရွာချင်းဆက် မြေသားလမ်းမှာ အရှည် ၁၆၃သ၈ ၅မိုင်၊ အကျယ်ပေ၂၀ရှိပြီး ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၄၄သိန်း လေးသောင်းနှင့် ပြည်သူများထည့်ဝင်ငွေကျပ် ၁၃၃သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

ချောက်မြို့နယ် ပုဂံစုကျေးရွာ၌ စက်ရေတွင်းဖွင့်

ချောက် မတ် ၂၅

မကွေးတိုင်း ချောက်မြို့နယ် ပုဂံစုကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက် ၁၀နာရီက အဆိုပါ စက်ရေတွင်းဖွင့်ပွဲ မုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက စက်ရေတွင်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မကွေးတိုင်းစည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က ဖွင့်ပွဲ အထိမ်းအမှတ်အလံကို မကွေးတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ ထံပေးအပ်သည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသီဟနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးသန်းတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** စက်ရေတွင်းသစ် ကို ကြည့်ရှုစစ်ဆေး ကြသည်။

အဆိုပါ ပုဂံစုကျေးရွာစက်ရေတွင်းသည် လေးလက်မ စက်ရေတွင်းဖြစ်ပြီး စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၈၅၃၅၀၀နှင့် အလှူရှင် လှူဒါန်းငွေ ကျပ်၂၅၀၀၀၀ စုစုပေါင်းငွေကျပ် ၃၂၀၃၅၀၀ဖြင့် အကုန် ကျခံ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မြန်မာ့အသံ

၂၈-၃-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (စစ်ကိုင်းတိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ အကြောင်း)

၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက် (ခေတ်အဆက်ဆက် တပ်မတော်-နိုင်ဝေ)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (မူးယစ်ဆေးဝါး ကင်းစင်သည့် မြန်မာနိုင်ငံဖြစ်ပေါ်ရေး)

၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ဒြပ်မဲ့ကျည်ဆန်များကြားက လမ်းပြသူများ)

၁၂း၄၅ ကဏ္ဍစုံစွာ ဆွေးနွေးခန်း (အမျိုးသားစာပေဆုရ ကဗျာဆရာ သူရဇော်နှင့် ဆွေးနွေးခန်း)

ညနေပိုင်း

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (သွက်သွက်မှန်မှန် ကျန်းမာရန်-ဒေါက်တာမြင့်သန်း) (ညောင်လေးပင်)

၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (မခွဲချင်လို့ပါ)

၁၉း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ပိန္နဲပင်)

၁၉း၃၀ မေတ္တာလက်ဆောင်ရသကြိန်တေးစီးရီး (မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ငယ်ဖော်မျှော်မယ့် သင်္ကြန်စီးရီး)

၂၀း၃၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ (နိုင်ငံတော်ကိုချစ်တဲ့ သားကောင်းစစ်သည်တော်)

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကြို တင်ကာကွယ်ရေးလုပ်ငန်းများကို မတ် ၁၁ ရက်က အမှုဆောင် အရာရှိ ဦးကြည်စိုး ဦးဆောင်သော မြို့နယ်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဦးရဲ ထွေးအောင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ ဝင်များနှင့် မြို့မဈေးကြီးအတွင်းရှိ အဖွဲ့ဝန်ထမ်းများစုပေါင်း၍ မီးငြိမ်းသတ် နည်း သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

နားကော-မယ်ဆတ် ကျေးလက်လမ်း ကျောက်ချောခင်း

မိုင်းဆတ် မတ် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နားကောရွာနှင့် မယ်ဆတ်ရွာ ဆက်သွယ်သော နားကော-မယ်ဆတ် ကျေးလက်လမ်း ကျောက်ချောခင်းခြင်းကို ဖေဖော်ဝါရီ ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ဝင်းတို့က ကြီးကြပ် ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

မင်းဘူးမြို့၌ ဈေးရှေ့လမ်း ကတ္တရာလမ်းသစ်ဖွင့်

မင်းဘူး မတ် ၂၃

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ဈေးရှေ့လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်က အဆိုပါ လမ်းသစ်မုခ်ဦးထိပ်၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးမြင့်လွင်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဇော်သိန်း၊ မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သူရတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၉၅၀၊ အကျယ် ၁၂ ပေရှိပြီး ငွေကျပ် ၃၁၃၉၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာမီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ကျွဲပွဲဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို မတ် ၄ရက်က ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးမြင့်စိုး၊ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် မီးသတ်တာဝန်ခံတို့ ကြီးကြပ်ဆောင်ရွက် ပေးကြစဉ်။ (၃၁၆)



ကျေးရွာလုံးကျွတ် ကြက်လည်လိမ်ကာကွယ်ဆေး မျက်စဉ်းခတ် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြော

သာယာဝတီ မတ် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ကျေးရွာလုံးကျွတ် ကြက်လည်လိမ်ကာကွယ်ဆေးမျက်စဉ်း(အိုင်တူး) ခတ်ခြင်း အခမ်းအနားကို မတ် ၇ရက် နံနက်ပိုင်းက ကျွဲခြံအင်းကျေးရွာအုပ်စု ကျွဲခြံအင်း(အနောက်စု) ကျေးရွာတွင် ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးဦးသန်းအောင်နှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းထွဋ်တို့က ကျေးလက်ဒေသ တိုင်းရင်းကြက်များ တိုးချဲ့မွေးမြူရေးနှင့် ကူးစက်ရောဂါများကင်းစင်ရေးအတွက် စနစ်တကျမွေးမြူတတ်ရေးနှင့် ကာကွယ်ဆေးများ အချိန်မှန်အသုံးပြုရေးအပြင် ကြက်ငှက်တုပ်ကွေးရောဂါ အကြောင်းကိုပါ ပညာပေးဟောပြောကြသည်။

အခမဲ့မျက်စဉ်းခတ်ပေး

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးစိုးတင့်က ကျေးလက်ပြည်သူတိုင်း ကာကွယ်ဆေးများ အသုံးချပုံ၊ အကျိုးအာနိသင်ထိရောက်မှုနှင့် ထိန်းသိမ်းရေး နည်းစနစ်များကို သရုပ်ပြရှင်းလင်းပြီး ကာကွယ်ဆေးများကို ကျေးရွာဥက္ကဋ္ဌ ဦးစိုးဝင်းသို့ပေးအပ်ပြီးနောက် ဒုတိယဦးစီးမှူး ဒေါက်တာမင်းစိုးအောင်က ကျေးရွာလုံးကျွတ် ကြက်ကောင်ရေ ၄၁၀၀ကို အခမဲ့မျက်စဉ်းခတ်ပေးကြောင်း သိရသည်။ **(မြို့နယ်မွေးမြူရေးနှင့် ကုသရေး)**

27-3 (16) .p65 1 1/9/32, 12:54 PM

ပြည်ထောင်စုမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ဖိတ်ကြားခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၂၀၀၆ ခုနှစ်၊ မတ်လ (၃၁)ရက် (သောကြာနေ့)
ကျင်းပမည့်အချိန် – ညနေ ၄နာရီ (၁နာရီခွဲတွင် နေရာယူပါရန်)
ကျင်းပမည့်နေရာ – အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်။

အစည်းအဝေးဖိတ်စာနှင့် နှစ်ပတ်လည်အစီရင်ခံစာများကို အသင်းသားများနှင့် အသင်းဝင်များထံ ဖြန့်ဝေပေးပို့လျက် ရှိပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အသင်းသားများနှင့် အသင်းဝင်အားလုံး အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထက်ပါ အစည်းအဝေးအထိမ်းအမှတ်အဖြစ် UMFCCI AGM Exhibition 2006 ကို ခင်းကျင်းပြသမည်ဖြစ်၍ မည်သူမဆို လေ့လာကြည့်ရှုနိုင်ပါသည်။

အမည်ပြောင်း

အဖ ဦးကြည်စိုး၏ သမီး အထက(၁) ထားဝယ် နဝမတန်း (A)မှ မယဉ်ယဉ်မွန်အား မရူးမြတ်သွယ်ဟု ပြောင်းလဲခေါ်ပါရန်။

မရူးမြတ်သွယ်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းNO–၄၃၆ ဒေါ်မြင့်မြင့်မော်၏ သားဖြစ်သူ မောင်ဇော်မျိုးသူ ၁၂/မဂတ(နိုင်)၀၉၄၅၇၈ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ လုံးဝ တာဝန်မယူပါကြောင်း။

မှတ်ချက်–
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်မြင့်မြင့်မော် MME–၆၂၈၄၄၉။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်နေ
အရာခံဗိုလ်တင်ကြိုင်– (ဒေါ်မြမြ) တို့၏သားကြီး
မောင်သန့်ဇင် B.Sc (Physics), D.B.L, D.I.L, D.I.R
General Manager (IGE Co., Ltd.)
နှင့်
ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ သီရိမင်္ဂလာလမ်းနေ
(ဦးအေးသောင်း)–ဒေါ်ခင်ခင်ညွန့် တို့၏သမီးထွေး
မစိုးမိုးအေး B.A(Myanmar), D.B.S(LCCI,UK)
(IGE Co., Ltd.)

တို့၏ ၂၅–၂–၂၀၀၆ရက်(စနေနေ့)တွင် The Strand Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဗိုလ်မှူးကြီးမောင်မြင့်နှင့်ဇနီး ဒေါ်ကြူကြူစိန်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဦးနေအောင် (Chairman- IGE Co., Ltd.)နှင့် ဇနီး ဒေါ်ခင်မိုးညွန့်တို့အားလည်းကောင်း၊ ၁၄–၂–၂၀၀၆ရက်(အင်္ဂါနေ့)တွင် ရန်ကုန်တိုင်း ရွှေနေချုပ်ရုံး၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိန်နှင့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက် ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးလှမျိုး(မြန်မာ့အသံ)၊ အခါတော်ပေးသီချင်း သီဆိုပေးသော စိုးစန္ဒာထွန်း၊ တေးသံသာများနှင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မမေမြတ်သူ၊ မင်္ဂလာအောင်စံပယ် ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မယဉ်ဆွေခိုင်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မမိုးဇာဇာမြင့်တို့အားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်နှင့် မင်္ဂလာဝတ်စုံအလှဖန်တီးပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ The Strand Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးကြသူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သန့်ဇင်–မစိုးမိုးအေး။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

Driver ကျား (၅)ဦး

(၁၀)တန်းအောင်ပြီး "c"လိုင်စင်ရှိရမည်။ အသက် (၃၈)နှစ်အောက်၊ ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၅)နှစ်ရှိပြီး ကျန်းမာရေးကောင်းမွန်၍ နယ်ခရီးအတွေ့အကြုံရှိရမည်။ အကျင့်စာရိတ္တ အထူးကောင်းမွန်ရမည်။

အထက်ပါရာထူးအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ (၆)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ် လိပ်စာအပြည့်အစုံရေးသား၍ အမှတ်–၅၂၀၊ (၇)လွှာ၊ Excel Treasure Tower ရွှေဂုံတိုင်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့သို့ ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

(ပြည့်စုံမှုမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
နိုင်ငံခြားဘာသာစကားသင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်းဘာသာစကား၊ ပြင်သစ်(ဘာသာပြန်/စကားပြန်)နှင့် ရုရှား (ဘာသာပြန်/စကားပြန်) ညနေသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းစတင်ဖွင့်လှစ်မည့်ရက်မှာ ၂၄–၄–၂၀၀၆ရက်နေ့ဖြစ်ပြီး သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၃–၄–၂၀၀၆ရက်နေ့မှ စတင်လက်ခံပါမည်။ သင်တန်းဝင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း–၅၁၄၃၇၁ (လိုင်းခွဲ–၁၂၃)။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စက္ကူစက်ရုံများအတွက် အောက်ပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်သည့် နေ့ရက်/အချိန်
1.	Caustic Soda	1500 MT	(၃–၄–၂၀၀၆) မွန်းတည့် ၁၂:၀၀ နာရီ

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ်–၅၄၃၃၆၅သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်–ကျွန်မတို့၏ သားဖြစ်သူ မောင်ကျော်လွင် ၆/မအရ(နိုင်)၀၉၂၅၁၉ ကိုင်ဆောင်သူသည် မိဘများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့သည့်အပြင် မိဘ၏ ဂုဏ်သိက္ခာကို ထိပါးစေရန် ပြုမူခဲ့သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးမာမက်ဟူစိန်–ဒေါ်ခင်သန်းအေး။

ရှင်းလင်းတင်ပြ

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် နတ်ဆိပ်ကျေးရွာ မိုးရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ရက်က စစ်ဆေးခဲ့ရာ ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်နှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးကောင်းမြတ်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

မုံ့ဒိုဘိုးဘွားရိပ်သာတိုးချဲ့ဆောင်သစ်နှင့် ကတ္တရာလမ်းသစ်ဖွင့်
အဘိုး၊ အဘွားများအား ထောက်ပံ့ငွေလှူဒါန်း၊ အလှူရှင်များ ဂုဏ်ပြု

မုဒုံ မတ် ၂၂

မုဒုံမြို့ ဘိုးဘွားရိပ်သာဝင်းအတွင်း ငွေကျပ် ၇၉သိန်းဖြင့် အဘွားတိုးချဲ့ ဆောင်သစ် မတည်အလှူရှင် ရန်ကုန်မြို့ သံလွင်လမ်းအမှတ် (၁၃၃)နေ ဒေါ်ခင်ဖွား(လူမှုထူးချွန် တတိယဆင့်)မိသားစု၊ စကြာလမ်း ကတ္တရာလမ်းသစ် မတည်အလှူရှင် ရန်ကုန်မြို့နေ ဦးမောင်မောင်တင်–ဒေါ်ဆွေဆွေဝင်းမိသားစုနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသော အဘွားတိုးချဲ့ဆောင်သစ်၊ စကြာလမ်းနှင့် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၂ ရက်က ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အဘွားတိုးချဲ့ဆောင်သစ်နှင့် စကြာလမ်း ကတ္တရာလမ်းသစ် တည်ဆောက်ပြီးစီးမှုနှင့် ပတ်သက်၍ ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးလှသိန်းက ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

ထို့နောက် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်တာဝန်ခံ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးပိုးရီနှင့် ပင်မနှင့် ထာဝရ အလှူရှင် ဒေါ်ခင်ဖွား (လူမှုထူးချွန် တတိယဆင့်)ကိုယ်စား ဦးယူးဟုတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ယင်းနောက် အလှူရှင်များက အလှူငွေကျပ် ခြောက်သိန်းပေးအပ်ကြပြီး အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာများပေးအပ်ကြသည်။

ထောက်ပံ့ငွေ

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်က ဘိုးဘွားရိပ်သာတွင် စောင့်ရှောက်ထားသည့် အဘိုး အဘွား ၂၄ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀စီ လှူဒါန်းပြီး အဘိုးအဘွားဆောင်များကို လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက်–အလယ်ကုန်းလမ်း ကျေးရွာချင်းဆက် ဂဝံလမ်းဖွင့်

ကြို့ပင်ကောက် မတ် ၂၅

ကြို့ပင်ကောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကြို့ပင်ကောက်–အလယ်ကုန်းကျေးရွာချင်းဆက် ဂဝံလမ်းဖွင့်ပွဲအခမ်းအနားကို မတ်၂၂ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ဂဝံလမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဂဝံလမ်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

အဆိုပါဂဝံလမ်းမှာ အရှည် ပေ ၁၀၅၆၀၊ အကျယ် ၁၀ ပေ ရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် သိန်း ၁၂၀ဖြင့် အကုန်အကျခံဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

(၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်အလှူရှင်များက သုတ၊ ရသစာအုပ်များနှင့်ငွေများလှူဒါန်း

ရန်ကုန် မတ် ၂၆

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက သုတ၊ ရသ စာအုပ်များ၊ စာပေဒါနအလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် ပျဉ်းမနားမြို့ ရုံးလမ်းရှိ ပျဉ်းမနား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး စာအုပ်များ၊ စာပေဒါနအလှူငွေနှင့်ပစ္စည်းများကို လက်ခံသည်။

တက်ရောက်

အဆိုပါ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်တွင်းမဂ္ဂဇင်းနှင့်ဂျာနယ်များမှ သတင်းထောက်များ၊ ပုဂ္ဂလိကစာပေတိုက်များနှင့်စာပေဖြန့်ချိရေးလုပ်ငန်းရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

(၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရောင်စုံအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အထူးထုတ် ရောင်စုံအချပ်ပို လေးမျက်နှာ ပူးတွဲ ပါရှိပါသည်။

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အထူးဈေးရောင်းပွဲတော် ပဲခူးမြို့၌ ဖွင့်လှစ်

ရန်ကုန် မတ် ၂၆

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၈နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့ရှိ တိုင်းအားကစားကွင်း၌ ကျင်းပသည်။

ရောင်းချသွားမည်

အဆိုပါ အထူးဈေးရောင်းပွဲတော်ကို ယနေ့မှစတင်၍ နေ့စဉ် နံနက်၈နာရီမှ ည၈နာရီအထိဖွင့်လှစ်ပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန အောက်ရှိ လုပ်ငန်းဌာနအသီးသီးမှ ထုတ်လုပ်လျက်ရှိသော လူသုံးကုန်၊ စားသောက်ကုန်နှင့် စက်ကိရိယာပစ္စည်းများအနက် ပစ္စည်းအမျိုးပေါင်း ၂၉၇ မျိုးတို့ကို ရောင်းချသွားမည်ဖြစ်သည်။

ထို့အပြင် အထူးဈေးရောင်းပွဲတော်လာ ပြည်သူများအား အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ မိတ်ဆက် သရုပ်ပြသပွဲနှင့် ညစဉ်စင်တင်တေးဂီတပွဲများဖြင့်လည်း ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

(၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုသတင်းဆောင်းပါး

တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်ကြီးပမ်းဆောင်ရွက်ခဲ့ ဆည်တမံ၁၉၄ခု၊ မြစ်ရေတင်စီမံကိန်း၂၉၃ခုအပါအဝင် လမ်း၊ တံတား၊ ရထားလမ်းအသွယ်သွယ်ပေါ်ထွန်းလာ လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာနမှ မကွေးတိုင်း ပွင့်ဖြူမြို့နယ်၌ ကြီးအုံ-ကြီးဝ ဘက်စုံရေလှောင်တမံတည်ဆောက်နေ

သတင်းဆောင်းပါး-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတစ်ဝန်း တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်တင်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ လယ်ယာ၊ ဆည်မြောင်းနှင့် မြစ်ရေတင်စီမံကိန်းများ အပါအဝင် လမ်းတံတားကြီးငယ် အသွယ်သွယ်၊ ကျောင်း၊ ဆေးရုံ၊ စက်ရုံအဖုံဖုံတို့ကို နေ့မအား ညမနား တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းကို ပိတ်၍ ဇုန်တမံအမျိုးအစား ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်မှုမြင်ကွင်းကို မတ် ၂၂ ရက်က ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)